အရိယ သစ္စာန ဒဿနံ ဇတံ မင်္ဂလ မုတ္တမံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၇၉)

မိတ္ထီလာလွင်ပြင်ကြီး စိမ်းလန်းစိုပြည်ရေး
နည်းလမ်း(၃)သွယ်ဖြင့် ဆောင်ရွက်မည်

နည်းလမ်း(၁)	ကေ(၁၂၀၀၀)ကျော်
နည်းလမ်း(၂)	ကေ(၁၂၀၀၀)ကျော်
နည်းလမ်း(၃)	ကေ(၅၀၀၀)ကျော်
စုစုပေါင်း	ကေ(၃၀၀၀၀)ခန့်

ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ခြောက်သွေ့ဒေသများစိမ်းလန်းစိုပြည်ရန် အဆင့်အလိုက်ဆောင်ရွက်မည် နိုင်ငံတော်စီမံကိန်းများဆောင်ရွက်ရာတွင် စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှုဖြင့် အကောင်အထည်ဖော် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျင်မြန်စွာအောင်မြင်ဖြစ်ထွန်းလာမည်

ရန်ကုန် ဇူလိုင် ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၅ ရက် နံနက် ၈ နာရီခွဲတွင် ပျဉ်းမနားမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

စာမျက်နှာ ၃ ကော်လံ ၁ ■



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၅ရက်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များအပေါ် ပြည်သူများပိုမိုယုံကြည်လာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားကာ လက်တွဲညီညီပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ပူတာအိုမြို့နယ် မူလာချောင်းကို ဖြတ်သန်းဆက်သွယ်ထားသည့် မူလာရီးဒီ ဂျစ်ကားကူးကြိုးတံတားအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

ရန်ကုန် ဇူလိုင် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ သမဝါယမ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊

ကျောဖုံးသို့

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ပီပီပြင်ပြင်အကောင်အထည်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူဦးရေ ၅၃သန်းကျော်ရှိသည့်အနက် ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေပြည်သူများ ဖြစ်သည်။ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းနှင့် ကျေးလက်ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာရေး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ကျေးလက်ဒေသနှင့် ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း မြင့်မားရေးနှင့် ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ချမှတ်ပေးထားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၆ရက်နေ့နံနက်ပိုင်းက ရမည်းသင်းမြို့ သီလဝခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

"ဌာနဆိုင်ရာများ အနေဖြင့် ဒေသရှိပြည်သူများ၏ လိုးလားချက်၊ လိုအပ်ချက်များကို သိမြင်နားလည်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရင်း ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် ကျင့်ကြံအားထုတ်ရန် လိုအပ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများတွင် ပြည်သူများတစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လာစေရန် ဌာနဆိုင်ရာများက မှန်ကန်သောဦးဆောင်မှုဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း"

ဆွေးနွေးမှာကြားသည်။

ရမည်းသင်းမြို့နယ်သည် ဒေသဝမ်းစာဖူလုံမှုမှာ ၇၅ဒသမ၇၃ရာခိုင်နှုန်းရှိ၍ ဆီဖူလုံမှုမှာ ၂၅၇ ဒသမ၈၀ရာခိုင်နှုန်းဖြစ်ပြီး ပဲမျိုးစုံဖူလုံမှုမှာ ၂၄၇ဒသမ ၅၇ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရသဖြင့် ရမည်းသင်းမြို့နယ်သည်စားသုံးဆီနှင့် ပဲမျိုးစုံဖူလုံပိုလျှံသည့် မြို့နယ်ဖြစ်သည်။ မိမိတို့ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသရှိ ဆည်တမံနှင့် ကန်များမှ ဆည်ရေ၊ ကန်ရေများကို အကျိုးရှိရှိအသုံးချပြီး အထွက်ကောင်းစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ သီးထပ်စွမ်းအားတိုးတက်စေရန် စိုက်ပျိုးခြင်းတို့ဖြင့်ဒေသ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးတို့အတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနတို့က ပိုမိုအလေးထားဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ ရမည်းသင်းခရိုင်ကိုလည်း စိမ်းလန်းစိုပြည်လာစေရန် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောကြိုးဝိုင်းများ ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်တောများပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့်လည်း ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ မြို့တွင်းလမ်းနှင့် ကျေးလက်ဆက်သည့်လမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြို့နယ်တစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျလျက်ရှိရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် ဒေသရှိ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး ကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ပီပီပြင်ပြင် အကောင်အထည်ပေါ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ကျန်းမာရေးဟောပြောပွဲတွင် ဟောပြောသူတစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိဘအုပ်ထိန်းသူများအတွက် ကျန်းမာရေးပညာပေးဟောပြောပွဲ၌အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသည့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၏ မိဘအုပ်ထိန်းသူများအတွက် ကျန်းမာရေးအသိပညာ ပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဗဟို အလုပ်အမှုဆောင်များ၊ ကြီးကြပ်ကော်မတီနာယကများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ ဟောပြောသူဆရာဝန်ကြီးများ၊ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအ သင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး (ငြိမ်း)ပါမောက္ခဒေါက်တာစဝ်စိုင်းလုံက "မိဘနှင့်သားသမီးဆက်ဆံရေး" အကြောင်းကို လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်ခင်မေ့က "အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါ" အကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာပညာ ဌာနမှဒုတိယညွှန်ကြားရေးမှူးဒေါက်တာခင်မောင်လွင်က သန့်(၄)သန့်အကြောင်းကို လည်းကောင်း စိတ်ဝင်စားဖွယ်ရာ အသီးသီးဟောပြောကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဟောပြောကြသူ ဆရာဝန်ကြီးများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ဟောပြောပွဲ အပြီးတွင် ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်းပြသထားသည့်သန့်(၄)သန့် ပညာပေးစီမံချက်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် ပြကွက်တို့ကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၈-၇-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုမြနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုမြနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Echo Location (ပထမနှစ် အင်္ဂလိပ်စာအထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"** (အပိုင်း-၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ထမ်းဆောင်ဝန်တာ သာသနာ့ရေးရာအဖြာဖြာ"
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားဓားသမား"** (အပိုင်း-၁၈)

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်လည်အစည်းအဝေး

ရန်ကုန် ဇူလိုင် ၇

အထက်မင်းလှမြို့နယ် အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ပညာရည်ချွန် ဆုပေးပွဲနှင့်နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင်၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မင်းလှဓမ္မရိပ်သာကျောင်း ဗဟန်းဈေးအနီး ရေတာရှည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နန္ဒဝန်မိုးကုတ်ဓမ္မရိပ်သာတရားစခန်းဝင်နိုင်

ရန်ကုန် ဇူလိုင် ၇

ပဲခူးမြို့ စိန်ထွန်းရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၀၅)၊ နန္ဒဝန်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းရိပ်သာပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ သူရိယမထေရ်မြတ်က ဇူလိုင် ၂၁ရက်မှ ၂၈ရက်အထိ ခုနစ်ရက် တရားစခန်းကို ခန္ဓာဉာဏ်ရောက်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ဇူလိုင် ၂၁ ရက်ညနေ အရောက်လာရောက်ကြရန်နှင့် အကျိုးဆောင်အဖွဲ့ ဖုန်း-၂၃၈၂၂သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

■ **ရှေ့ဖုံးမှ**

လုပ်ငန်းခွင်သို့ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က စီမံကိန်းတွင် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် ပင်မကျောက်ဖြည့်တမံ တည်ဆောက်ခြင်း လုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို လုပ်ငန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်း အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေလွှဲဥမင်လိုဏ်နှင့် ဆက်စပ်အဆောက်အအုံများ၊ ရေယူအဆောက်အအုံ (Power Intake) ဆောက်လုပ်မှုလုပ်ငန်းများ၊ မြေအောက်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုလုပ်ငန်း၊ တာဘိုင်စက်များတပ်ဆင်မှုအခြေအနေ၊ ဓာတ်အားစမ်းသပ်ထုတ်လွှတ်မည့်အခြေအနေ၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြပါ ရည်မှန်းအချိန်ကာလအတိုင်း ပြီးစီးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ဆက်လက်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်သို့သွားရောက်၍ ပင်မကျောက်ဖြည့်တမံတည်ဆောက်ခြင်း လုပ်ငန်း၌ စက်ယန္တရားကြီးများဖြင့် မြေညှိခြင်း၊ မြေဖို့ခြင်းနှင့် ကျောက်ဖြည့်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြသည်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ထရန်စဖော်မာဥမင်သို့ဝင်ရောက်၍ ထရန်စဖော်မာများ တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် နံနက် ၉ နာရီ မိနစ် ၄၀ တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပျော်ဘွယ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၅ ရက်က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်၌ မြေအောက် ဓာတ်အားပေးစက်ရုံတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှုစွမ်းအားရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလျင်မြန် တာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်းပြီး မြို့နယ်ဖွံ့ဖြိုးရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် ရေပိုလွှဲလုပ်ငန်း၌ ရေခေါ်မြောင်း၊ ရေငြိမ်ကန် အဆင့်(၁)၊(၂)၊(၃)နှင့် (၄)တို့ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် မြေအောက်ဓာတ်အားပေးစက်ရုံအတွင်းသို့ သွားရောက်၍ တာဘိုင်စက် အမှတ် (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် စက်တပ်ဆင်ပြီးစီးမှုနှင့် တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မဂ္ဂါဝပ် ၇၀ ထုတ်နိုင်

တာဘိုင်စက်အမှတ်(၄) တပ်ဆင်မှုမှာ ပြီးစီးသွားပြီဖြစ်ရာ မကြာမီ ဓာတ်အား မဂ္ဂါဝပ် ၇၀ ကို စမ်းသပ်ထုတ်လွှတ်နိုင်တော့မည် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးကြရာ ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စက်/လျှပ်တပ်ဆင်ရေး)ဦးစောလွင်က ရှင်းလင်းပြသသည်။

ပေါင်းလောင်းရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်တွင် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံကြသည်။

အစီအစဉ်အရ ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က မြို့၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ မြေသယံဇာတ၊ စိုက်ပျိုးမြေဧက၊ ဆန်ဖူလုံမှု၊ ဆီဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဌာနဆိုင်ရာ တာဝန်ရှိသူများအား ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ သိလိုသည်များကိုမေးမြန်းပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းလိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိနှင့်ဝန်ကြီးများ ယမန်နေ့က ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနားစသည့် မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် စီးပွားရေးအထောက်အကူပြု ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့တွင်လည်း ပျော်ဘွယ်မြို့နယ်အတွင်း စီးပွားရေးအထောက်အကူပြု ကိစ္စရပ်များ၊ လူမှုရေးကဏ္ဍနှင့်ပတ်သက်ပြီး ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးသင့်ပေးထိုက်သည်များကို ယခုပင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စတင်စီမံနေ

နိုင်ငံတော်အနေဖြင့် ပူပြင်းခြောက်သွေ့နေသည့် ပျော်ဘွယ်မြို့နယ် အပါအဝင် မိတ္ထီလာလွင်ပြင်ကြီး တစ်ခုလုံးစိမ်းလန်းစိုပြည်ပြီး ရာသီဥတု မှန်ကန်မျှတမှုရှိလာစေရေးအတွက် ဖန်တီးဖော်ဆောင်ပေးမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ငွေကြေးမြောက်မြားစွာအသုံးပြုကာ ဆောင်ရွက်ပေးဖို့ စတင်စီမံနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နည်းလမ်း(၃)သွယ်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နည်းလမ်း(၁)ဖြင့် ဧက ၁၂၀၀၀ ကျော်၊ နည်းလမ်း(၂)ဖြင့် ဧက ၁၂၀၀၀ ကျော်နှင့် နည်းလမ်း(၃)ဖြင့် ဧက ၅၀၀၀ ကျော် စုစုပေါင်း ဧက ၃၀၀၀၀ ခန့်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုပထမ အဆင့်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် စိမ်းလန်းစိုပြည်ရေး

စာမျက်နှာ ၅ ကော်လံ ၁ သို့

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖော်လူဂျာမြို့ပေါ်၌ ပျံသန်းသွားသည့် ကန်စစ်ရဟတ်ယာဉ် အီရတ်ပြောက်ကျားများပစ်ခတ်၍ လေယာဉ်မှူး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်ပြောက်ကျားများက အမေရိကန်ဆေးဘက်ဆိုင်ရာ စစ်ရဟတ်ယာဉ်တစ်စင်းအား လေယာဉ်ပစ်သေနတ်များ၊ ဒုံးပစ်လောင်ချာများနှင့် အပေါ့စား လက်နက်များဖြင့် တနင်္လာနေ့က ပစ်ခတ်ခဲ့မှုကြောင့် လေယာဉ်မှူးနှင့် အကူလေယာဉ်မောင်းတို့ ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့် ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်သည် ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာမြို့ အနောက်မြောက်ပိုင်းခရိုင်ပေါ်သို့ အရေးပေါ်လူနာတစ်ဦးအား ခွဲစိတ်ကုသရန် သယ်ဆောင်ပျံသန်းလာသည်။

ပျံသန်းခဲ့

၎င်းရဟတ်ယာဉ်သည် ခရီးသည်များအား အခြားသော ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်သို့ လွှဲပြောင်းပေးသည့် လုံခြုံစိတ်ချရသောနေရာသို့ ပျံသန်းခဲ့ပြီး ဆေးရုံသို့ ပျံသန်းခဲ့သည်ဟု ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ

အီရတ်တည်ငြိမ်ရေး ပူးပေါင်းဆောင်ရွက်ရန် အိမ်နီးချင်းနိုင်ငံများအား အီရန်သမ္မတတိုက်တွန်း

တီဟီရန် ဇူလိုင် ၆

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် လုံခြုံမှု ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် အီရန်သမ္မတ မိုဟာမက်ခါတာမီက အီရတ်၏ အိမ်နီးချင်းနိုင်ငံအားလုံးအား တနင်္ဂနွေနေ့က တိုက်တွန်းပြောကြားခဲ့ကြောင်း အီရန်သတင်းဌာန အိုင်အာအင်အေက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ခဲ့သည်။

ဒေသတွင်းရှိ နိုင်ငံအားလုံးသည် အီရတ်၌လုံခြုံမှုမရှိခြင်းနှင့် တည်ငြိမ်မှု မရှိခြင်းတို့၏ အကျိုးဆက်များကို ခံစားကြရမည်ဖြစ်ပြီး အီရတ်၌ ဖြစ်ပေါ်နေသော အရေးအခင်းသည် အီရတ်ပြည်သူများသာမက သိမ်းပိုက်ထားသော တပ်ဖွဲ့များကိုလည်း အခက်အခဲပြဿနာများ ဖန်တီးပေးလျက်ရှိကြောင်း အလည်အပတ်ရောက်ရှိနေသော ဆီးရီးယား သမ္မတ ဘာရှာ အယ်လ်အက်ဆတ်နှင့် တွေ့ဆုံပြီးနောက် သတင်းထောက်များအား ခါတာမီက ပြောသည်။

အီရတ်အရေးအခင်းကို ဖြေရှင်းရန်မှာ သိမ်းပိုက်ထားခြင်းကို ချက်ချင်းအဆုံးသတ်ရန်နှင့် နိုင်ငံတွင် ကိုယ်စားပြု အစိုးရအဖွဲ့တစ်ဖွဲ့ ထူထောင်ရန်ဖြစ်ကြောင်း ၎င်းကပြောသည်။

အစည်းအဝေးမစမီ၌ အာဆတ်က နှစ်နိုင်ငံအပြန်အလှန် အကျိုးစီးပွားအပြင်ဒေသဆိုင်ရာအခြေအနေများ၊ အီရတ်နှင့် ပါလက်စတိုင်းအရေးကိစ္စများကို အီရန်အရာရှိများနှင့် မိမိ ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘာကူဘာအနီးရှိ ခါလက်စ်၌ ကားဗုံးပေါက်ကွဲ အမေရိကန်မရိန်းတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံ ဘာကူဘာမြို့အနီးရှိ ခါလက်စ်တွင် ကားဗုံးတစ်လုံး အင်္ဂါနေ့က ပေါက်ကွဲခဲ့သဖြင့် လူအချို့သေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြသည်ဟု အီရတ်ရဲအဖွဲ့က ပြောကြားသည်။

ထိုသို့ ခါလက်စ်၌ ဗုံးပေါက်ကွဲခဲ့သဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် သုံးဦးနှင့် အီရတ်ကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့သည်။

ပေါက်ကွဲ

ဘာကူဘာ၌ တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် သေဆုံးခဲ့ရသည့် အီရတ်နှစ်ဦးအတွက် ဝတ်ပြုဆုတောင်းပွဲပြုလုပ်ရာ အိမ်အနီး၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အီရတ်နိုင်ငံတွင် အမေရိကန်နှင့် အပေါင်းပါ သိမ်းပိုက်ရေးတပ်များကြောင့် အများအားဖြင့် ကံဆိုးမိုးမှောင်ကျလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များက အင်္ဂါနေ့၌ စစ်ယာဉ်တန်းအား ဖြတ်ကျော်ရန် ကြိုးပမ်းသော ကားမောင်းသူတစ်ဦးကို ပစ်ခတ်မှုကြောင့် ကားမောင်းသူ သေဆုံးခဲ့ရသည်။

အဆိုပါ ယာဉ်မောင်းသူသည် အနီးကပ်ပစ်ခတ်ခြင်းခံရပြီး သူ၏ကားမှာ နံရံနှင့်ဝင်တိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံး

ထို့ပြင် အမေရိန်တပ်ဖွဲ့ဝင်များသည် တနင်္လာနေ့ညပိုင်း၌ ဘဂ္ဂဒက်ရှိ စစ်ဆေးရေးစခန်း၌ ကားမရပ်ဟုဆိုကာ ပစ်ခတ်မှုကြောင့် ကားပေါ်၌ပါလာသော ကလေးငယ်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**

ဗြိတိန်နှင့်ကန်တို့ အီရတ်ကိုတိုက်ခိုက်ခဲ့သည့် အမှားကြီးကျူးလွန် တိုနီဘလဲ၏ အီရတ်ဆိုင်ရာ ဗြိတိန်သံတမန်ဟောင်း ပြောကြား

လန်ဒန် ဇူလိုင် ၅

အီရတ်နိုင်ငံဆိုင်ရာ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ သံတမန်ဟောင်းဖြစ်သူ ဆာဂျယ်ရီမီဂရင်းစတော့ခ်သည် အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုတို့သည် ကပ်ဘေးဒုက္ခဆိုက်သော အမှားများကို ကျူးလွန်ခဲ့ကြကြောင်း ပြောကြားကာ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့အား ယမန်နေ့က ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ပြောဆိုခဲ့သည်။

ဆက်ဒမ်ဟူစိန်၌ ဓာတုနှင့် ဇီဝလက်နက် အစုအပုံများ ပိုင်ဆိုင်ထားရှိကြောင်း ဗြိတိန်နိုင်ငံက အခိုင်အမာ ပြောဆိုပြီး အများကျူးလွန်ခဲ့ကြောင်း ဆာဂျယ်ရီမီဂရင်းစတော့ခ်က ပြောကြားသည်။

ထိုဓာတုနှင့် ဇီဝလက်နက်အစုအဖွဲ့များ အီရတ်၌မရှိဆိုသည်ကို သံသယမဖြစ်ကြောင်း ဆာဂျယ်ရီမီက ပြောကြားသည်။

ထွက်ပေါ်လာ

စစ်မဖြစ်ခင်က ရရှိခဲ့သော ထောက်လှမ်းရေးသတင်းများများကိုစစ္စနှင့်ပတ်သက်၍ လော့ဒ်ဘတ္တလာ၏ အစီရင်ခံစာကို ဝန်ကြီးများက ဗုဒ္ဓဟူးနေ့၌ ရင်ဆိုင်ဖြေရှင်းရန် အားတင်းထားချိန်တွင် ဆာဂျယ်ရီမီ၏ မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အီရတ်၏ ပိတ်ပင်ထားသော လက်နက်များနှင့် စပ်လျဉ်းသည့် ထောက်လှမ်းရေးသတင်းသည် လက်ခံနိုင်စရာရှိပြီး စိတ်ဝင်စားစရာကောင်းခြင်းကြောင့် အီရတ်အား ဝန်ကြီးချုပ်ဘလဲက စစ်ပွဲဆင်နွှဲမည့် ဆုံးဖြတ်ချက်သည် နားလည်သဘောပေါက်နိုင်စရာဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးက ပြောကြားခဲ့ရာ အီရတ်အား ကျူးကျော်တိုက်ခိုက်သည့် ထိုက်တန်မှုအတိုင်းအတာကို မိမိကိုယ်တိုင် ဆက်လက်ခံခဲ့ရကြောင်း ဆာဂျယ်ရီမီက ပြောကြားသည်။

(အင်တာနက်)

ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မနီလာဟိုတယ်တွင် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်နေစဉ်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အီရတ်၌ ဆက်လက်တည်ရှိနေမှုအား ဆန့်ကျင်ကန့်ကွက်သူများက ယင်းဟိုတယ်ရှေ့တွင် ဆန္ဒပြနေသည်ကို ဇူလိုင် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံမြောက်ပိုင်းမှ တူရကီတပ်များရုပ်သိမ်း

အစ္စတန်ဘူလ် ဇူလိုင် ၅

တူရကီနိုင်ငံသည် သွေးထွက်သံယို တိုက်ခိုက်မှုများကို တားဆီးကာကွယ်ရန်အတွက် ၁၉၉၇ခုနှစ်က တပ်ဖြန့်ထားခဲ့သော အီရတ်မြောက်ပိုင်းမှ ၎င်း၏ ကျန်ရှိနေသည့် ငြိမ်းချမ်းရေးတပ်များကို ရုပ်သိမ်းလျက်ရှိကြောင်း တူရကီအစိုးရတာဝန်ရှိတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောသည်။

အီရတ်ကာ့ဒ်များက အမေရိကန်ဦးဆောင်ပြီး အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား ဖြုတ်ချပြီးကတည်းက တူရကီတပ်များ ရုပ်သိမ်းပေးရန်နှင့် တူရကီတပ်များနှင့် ကာ့ဒ်တို့အကြား တင်းမာမှုများ ဖြစ်ပွားနိုင်၍ ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

ကာကွယ်ပေး

တူရကီ ငြိမ်းချမ်းရေးတပ်များသည် အမေရိကန်နှင့် ဗြိတိန်တို့၏ ကြီးကြပ်မှုဖြင့် အဆိုပါ နယ်မြေသို့ ဝင်ရောက်ခဲ့သည်။ ၎င်းတို့သည် ကာ့ဒ်ဒီမိုကရက်တစ်ပါတီ(ကေဒီပီ)နှင့် မျိုးချစ် ကာ့ဒ်အဖွဲ့တို့ကြား ၁၉၉၆ခုနှစ် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ကာကွယ်ပေးခဲ့သည်။

ငြိမ်းချမ်းရေးတပ်များသည် ထွက်ခွာနေကြပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏ တာဝန်မှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူက ရိုက်တာသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဆေးကုသမှုခံယူ

ဘာဆာရာမြို့တွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော အသက်နှစ်နှစ်အရွယ် အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို ဇူလိုင်၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည်အဓိကကျ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်မှ ကျေးလက်များစုပေါင်းထားသည့်မြို့နယ်များဖွံ့ဖြိုးလာမည်

စာမျက်နှာ ၃ မှ

လုပ်ငန်းကြီးကို မြို့ခြံချွေတာမှုကို အခြေခံပြီး အမြန်ဆုံး၊ အလွယ်ကူဆုံးနည်းလမ်းဖြင့် နိုင်ငံတော်က သီးခြားငွေကြေးစိုက်ထုတ်သုံးစွဲဆောင်ရွက်ပေးမည့် စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း။

အဆင့်လိုက်ဆောင်ရွက်

နိုင်ငံတော်၏ နေအင်အား တိုးတက်လာမှုအပေါ်မူတည်ပြီး ပူပြင်းခြောက်သွေ့သည့် ဒေသများအားလုံး စိမ်းလန်းစိုပြည်လာအောင် ဆောင်ရွက်ပေးရမည်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက် အပေါ်မူတည်ပြီး အပိုင်းလိုက် အဆင့်လိုက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဖော်ပြပါစီမံကိန်းများ ပါဝင်လာသည့်အခါတွင် စီမံကိန်းနှင့်ဆက်စပ်ပြီး မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်မှာဖြစ်သည့်အတွက်ဆည်မြောင်း၊ စိုက်ပျိုးရေး၊ သစ်တော၊ စည်ပင်သာယာရေးဌာနများအပြင် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ မြို့နယ်ဖွံ့ဖြိုးရေးအတွက် မြို့နယ် အတွင်း ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်တွက်ဆစီမံဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း။

စုပေါင်းတာဝန်ယူ

ထို့အပြင်နိုင်ငံတော်က ချမှတ်ပေးသည့် စီမံကိန်းလုပ်ငန်းနှင့် မိမိတို့မြို့နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို မြို့နယ်ရှိဌာနဆိုင်ရာတာဝန်ရှိသူများ အချင်းချင်းညှိနှိုင်းပြီး ကော်မတီများဖွဲ့စည်းကာ စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

မြို့နယ်တစ်ခုအတွင်း ကျေးလက်ဒေသများ စုပေါင်းဝန်းရံဖွဲ့စည်းထားခြင်းဖြစ်ရာ ကျေးလက်ဒေသများအားလုံး ပူးပေါင်းပါဝင်မှသာ မြို့နယ်ကြီးတစ်ခုဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူအားလုံး၏ စားဝတ်နေမှုဖူလုံရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားအောင် တာဝန်ခံဆောင်ရွက်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မြို့နယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးယန္တရားကို စနစ်တကျဖွဲ့စည်း တာဝန်ပေးထားပြီးဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြည်သူများအတွက် မိမိတို့အား တာဝန်ပေးထားသည်ဆိုသည့်သဘောထား ခံယူချက်ဖြင့် ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံကြပြီး ပြည်သူများ၏လိုလားချက်၊ လိုအပ်ချက်များကို သိအောင်လေ့လာပြီး မိမိတို့အဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်သည်များကို လက်တွေ့ကျကျ ဆောင်ရွက်ပေးပြီး ဆောင်ရွက်ပေးနိုင်စွမ်းမရှိသည့် ကိစ္စရပ်များကိုလည်း ဆင့်ကဲဆင့်ကဲ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပေးသွားကြမည်ဆိုပါက မိမိတို့မြို့နယ်အနေဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ထို့ပြင် မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု စွမ်းအားရရှိမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လျင်မြန်စွာအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်သည့်အတွက် မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသနေပြည်သူများအားလုံးပူးပေါင်းပြီး မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်တူကိုယ်တူ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပျော်ဘွယ်ဆေးရုံစစ်ဆေး

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ကြပြီး ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီး လူနာဆောင်နှင့် သားဖွားခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံသန့်ရှင်းသပ်ရပ်မှုရှိရေး၊ လူနာများစိတ်ချမ်းမြေ့စွာ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ၁၂နာရီခွဲတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် မိတ္ထီလာမြို့သို့ ရောက်ရှိကြရာ မိတ္ထီလာတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာတက္ကသိုလ်သို့ရောက်ရှိ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၅ ရက်က ပျော်ဘွယ်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီကို သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်၊ ဒုတိယပါမောက္ခချုပ် ဦးလှသိန်းနှင့် ပါမောက္ခ ဌာနမှူးများက ကြိုဆိုကြသည်။

သင်ကြားမှုတင်ပြ

ထို့နောက် ခန်းမ၌ ဒုတိယပါမောက္ခချုပ် ဦးလှသိန်းက မိတ္ထီလာတက္ကသိုလ်၌ ဖွင့်လှစ်ထားသော သင်တန်းများ၊ ကျောင်းသားဦးရေ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ဝန်ထမ်းဖွဲ့စည်းမှုနှင့် သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အေဒင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က တက္ကသိုလ်ပင်မဆောင်ဆောက်လုပ်မည့်ပုံစံနှင့် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၅ ရက်က ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက္ကသိုလ်ပင်မဆောင်ကို ခံ့ညားထည်ဝါ၍ အစဉ်တည်တံ့ခိုင်ခံ့သည့် အဆောက်အအုံအဖြစ် တည်ဆောက်ရေး မှာကြားသည်။

ထို့နောက် တက္ကသိုလ်ရှိ Computer Training Centre သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် တက္ကသိုလ်ပင်မဆောင်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခုတင်(၂၀၀)ဆံ့ ဆေးရုံတည်ဆောက်ခြင်း စီမံကိန်းနှင့် သူနာပြုသင်တန်းကျောင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းခန်းမ၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက စီမံကိန်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးက ခရိုင်၏တည်နေရာဖွဲ့စည်းပုံ၊ မြို့နယ်များပါဝင်မှု၊ လူဦးရေ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထွက်ရှိမှု၊ သီးနှံမျိုးစုံစိုက်ပျိုးထွက်ရှိမှု၊ အထွက်ကောင်းမျိုးစပါးစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေများနှင့် ဒေသစိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိတ္ထီလာမြို့နယ်၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းခြောက်ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိနှင့်ဝန်ကြီးများသည် မန္တလေးတိုင်း ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနားမြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ဖွယ်ရာများနှင့် လိုအပ်မှုများကို မှာကြားစီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ဒေသဝမ်းစာမဖူလုံသေး

ယခုလည်း မိတ္ထီလာမြို့သို့ရောက်ရှိလာစဉ် မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များ၏ လူမှုရေးကဏ္ဍဖြစ်သည့် လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံစာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်း၊ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးရုံနှင့် ဆေးခန်းများ အဆင့်မြှင့်တိုးချဲ့ခြင်းလုပ်ငန်းများကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်သည် ပူပြင်းခြောက်သွေ့သည့် အပူပိုင်းဇုန်တွင် ပါဝင်နေသည့်အတွက် စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရန် ခက်ခဲပြီး စိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းချက်ရှိကြောင်း၊ စိုက်ပျိုးရေရရှိမှု အခက်အခဲများကြောင့်လည်း ဒေသဝမ်းစာဖူလုံခြင်းမရှိသည့် ဒေသဖြစ်သည်ကို တွေ့ရှိရကြောင်း။ ***စာမျက်နှာ ၆ ကော်လံ ၁***

စာမျက်နှာ ၅ မှ

ထို့ကြောင့် နိုင်ငံတော်အစိုးရက မိတ္ထီလာခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုကောင်းမွန်မျှတရေး၊ အထူးသဖြင့် မိတ္ထီလာလွင်ပြင်ကြီးတစ်ခုလုံး စိမ်းလန်းစိုပြည်ရေးအတွက် ငွေကြေးမြောက်မြားစွာ ကျခံသုံးစွဲပြီး စီမံချက်ရေးဆွဲ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နည်းလမ်း(၃)သွယ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လယ်မြေဧက ၂၈၀၀၀ကို ရေပေးဝေနိုင် မှာဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်က မိတ္ထီလာလွင်ပြင်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးကို စီမံဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း တိုးတက်ဖြစ်ထွန်းလာမှာဖြစ်သည့်အတွက် ဒေသနေပြည်သူများက မိမိတို့ ဒေသဝမ်းစာဖူလုံစေရန် သီးနှံများတိုးချဲ့စိုက်ပျိုး၊ အထွက်တိုးအောင် ဝီရိယစိုက်ထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကဲ့သို့ မိတ္ထီလာလွင်ပြင်ကြီးတစ်ခုလုံး စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရာတွင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ တိုက်ရိုက်သက်ဆိုင်သည့် စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် သစ်တောဌာနများအပါအဝင် ဒေသခံ ပြည်သူများ၊ ကျေးလက်ဒေသနေ တောင်သူလယ်သမားများက တက်ညီ လက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံတော်က မျှော်မှန်းချက်ဖြင့် အကောင်အထည်ဖော်စီမံ ဆောင်ရွက်ပေးနေမှုများသည် အလျင် အမြန်ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ထို့ကြောင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသနေပြည်သူများနှင့် ဝန်ကြီးဌာနများက ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မိတ္ထီလာမြို့သည် နှစ်စဉ်သောက်သုံးရေ ရှားပါးမှုနှင့် တွေ့ကြုံနေရသည့်အပြင် အထူးသဖြင့် ရာသီဥတုဖြစ်ပေါ်ပြောင်းလဲသော အချိန်ကာလများတွင် မိတ္ထီလာကန်ကြီး ခန်းခြောက်မှုကြောင့် သောက်သုံးရေအခက်အခဲများ ပိုမိုတွေ့ကြုံခံစားရကြောင်း၊ ထိုသို့သော အခက်အခဲများကို ကျော်လွှားနိုင်ရန် နိုင်ငံတော်အစိုးရက မိတ္ထီလာကန်ကြီးပြန်လည်တူးဖော်ရေးကိုပါ စက်ယန္တရားကြီးများ စုစည်းအသုံးပြုပြီး လာမည့်မိုးရာသီအကုန်နွေရာသီ ခြောက်သွေ့ချိန်တွင် ပထမအဆင့်အနေဖြင့် မိတ္ထီလာကန်၏ မြောက်ဘက်ကန်ကို တူးဖော်ဆောင်ရွက်ပေးရန် စီမံထားပြီးဖြစ်ကြောင်း၊ ပထမအဆင့်လုပ်ငန်းပြီးပါက နောက်နှစ်တွင် မိတ္ထီလာကန်မကြီး တူးဖော်ရေးကိုလည်း ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လူနေမှုဘဝမြင့်မားရေး

ယင်းကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မိတ္ထီလာလွင်ပြင်ကြီး စိမ်းလန်းစိုပြည်လာပြီး ဒေသနေပြည်သူများ နှစ်စဉ်ကြုံတွေ့နေကြရသည့် သောက်သုံးရေ အခက်အခဲများကို ဖြည့်ဆည်းပေးနိုင် မည့်အပြင် စိုက်ပျိုးရေးရရှိခြင်းကြောင့်လည်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာစေရေးတို့ကိုတတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ယခုကဲ့သို့ စီစဉ်စီမံဆောင်ရွက်ပေးနေခြင်းလည်းဖြစ်ကြောင်း။

အထောက်အကူပြု

မိတ္ထီလာမြို့သည် မြန်မာနိုင်ငံ မြေပြန့်ဒေသ၏ မြို့တော်ဖြစ်သည်နှင့်အညီ အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ပြည့်ပြည့်စုံစုံဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ အထူးသဖြင့် လူသားစွမ်းရည်အရင်း အမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ္ထီလာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်နှင့် ကွန်ပျူတာကောလိပ် စသည်များကို ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ လူသားစွမ်းရည်အရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရာဒေသကြီး ဖြစ်သည်နှင့်အညီ ပြည်နယ်၊ တိုင်းဒေသအသီးသီးမှ ပညာရှင်များ၊ ဆည်းပူးရန်လာရောက်ကြသူ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ၏ လိုအပ်ချက်များကို ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဖေးမ အထောက်အကူပြု ပေးသွားကြရန် မှာကြားလိုကြောင်း။

တိုးချဲ့စိုက်ပျိုး

မိတ္ထီလာခရိုင်အနေဖြင့် လောလောဆယ်အခြေအနေတွင် ဒေသဝမ်းစာဖူလုံမှု မရှိသေးသော်လည်း ဆီထွက်သီးနှံ၊ ဝါ၊ ပဲအမျိုးမျိုးနှင့် မီးဖိုချောင်သုံးသီးနှံအမျိုးမျိုးတို့ စိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဝါနှင့် ဆီထွက်သီးနှံများအပြင် အခြားဖြစ်ထွန်းနိုင်မည့် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးအထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံခြင်းမရှိသည့်အတွက် ပြည်ပနိုင်ငံများမှ နှစ်စဉ်နိုင်ငံခြားငွေ အများအပြား အကုန်အကျခံပြီး တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီဖူလုံအောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နှစ်စဉ်စားသုံးဆီအတွက် အကုန်အကျခံနေရသည့် နိုင်ငံခြားငွေများ အပိုအလျှံအဖြစ်ရရှိလာပြီး ပြည်သူများအတွက်လိုအပ်သော ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ယခုထက် ပိုမိုဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပါအဝင် အခြားကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ပူးပေါင်းပါဝင်

ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသများဖြင့် စုပေါင်း ဖွဲ့စည်းထားသည့် မြို့နယ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ပေးသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရက ပြည်ထောင်စု ကြီးအတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး၊ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် ဒေသလိုအပ်ချက်များအပေါ်မူတည်ပြီး ပြည်သူများ၏ စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စေတနာကို သိမြင်သဘောပေါက်ပြီး ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးကာ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အထူးသဖြင့် အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးညီလှငယ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ကျောင်းသားများက ကြိုဆိုကြသည်။

သင်ကြားစီမံမှုတင်ပြ

ရှေးဦးစွာ တက္ကသိုလ်ခန်းမ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က တက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းအမျိုးအစားများ၊ ဘာသာရပ်များ၊ ဝန်ထမ်းဖွဲ့စည်းမှု၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံတကာတက္ကသိုလ်နှင့်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေမှုနှင့် သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက တက္ကသိုလ်၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ထမ်းအိမ်ရာဇုန်၊ စာသင်ကြားရေးဇုန်၊ အလုပ်ရုံ၊ တက္ကသိုလ်ပင်မဆောင်၊ ရေ၊ မီးလုပ်ငန်းများ၊ လမ်းများ၊ ကားနှင့်စက်ဘီးရပ်နားရန်နေရာများ၊ စားသောက်ဆိုင်များ၊ မုခ်ဦးနှင့် အဝင်လမ်းလုပ်ငန်းများ၊ တက္ကသိုလ်ဝင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Flight Simulator Room နှင့် Library&Resource Centre တို့၌ ကျောင်းသားများ လေ့ကျင့်သင်ယူနေကြသည်များကို ဝင်ရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက္ကသိုလ်ပင်မဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ထို့နောက် ခန်းမ၌ ဒုတိယပါမောက္ခချုပ် ဦးသန်းဆွေက တက္ကသိုလ်၌ ဖွင့်လှစ်ထားသော သင်တန်းများ၊ အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာများဖြင့် သင်ကြားလျက်ရှိသော IT ခန်းများအခြေအနေနှင့် သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်ကြားရေးနှင့် စီမံရေးဆိုင်ရာ ဆောင်ရွက်ရန်ကိစ္စရပ်များကို မှာကြားပြီး တက္ကသိုလ်ပင်မဆောင်တည်ဆောက်ရာတွင် ခေတ်မီခံ့ညားထည်ဝါ၍ သပ်ရပ်ခိုင်ခံ့ရေးကို စနစ်တကျအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီ နိုင်ငံသစ်ဆီသို့

- ညီလာခံ ကိုယ်စားလှယ်တွေ
  ပြည်ချစ်သားအပေါင်း သူတော်ကောင်း တို့တစ်တွေ...။
- နိုင်ငံရေးပါတီ၊ ရွေးချယ်ခံ ကိုယ်စားလှယ်
  အလုပ်သမား၊ တောင်သူလယ်သမားနဲ့ တိုင်းရင်းသားစုံစွာ
  နိုင်ငံ့ဝန်ထမ်းနဲ့ တတ်၊သိ၊ပညာ၊အခြားဖိတ်ကြားသင့်သူများလည်းပါ၊
  ဆုံစည်းကာလက်ဆင့်ကမ်း
  အောင်ပလ္လင်နန်း၊ ညောင်နှစ်ပင်စခန်း။
- ချစ်တဲ့ပြည်သူတွေ
  တိုင်းရင်းသားအပေါင်း မြန်မာနိုင်ငံသားကောင်းတို့ရေ...။
- ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ
  စစ်မှန်၊ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ စနစ်အတွက်
  မရှိမဖြစ်တဲ့ အုတ်မြစ်တစ်ခုပေမို့
  မဆုတ်မနစ်ဘဲ
  ပြည်သူ့ကိုယ်စားလှယ်တွေက ရေးဆွဲနေကြပါတယ်
  ညီနောင်မူ မေတ္တာနဲ့၊ ပြည်ထောင်စု သစ္စာဖြင့်။
- တိုင်းတစ်ပါးအားကိုး
  မျိုးဖျက် ပုဆိန်ရိုး၊ အဆိုးမြင် ဝါဒီတို့ရေ...။
- ရေးပြီးလေက သည်ဥပဒေ
  ဒို့ပြေ၊ ဒို့မြေ၊ ဒို့ပြည်သူတွေနဲ့ လျော်ကန်မှု ရှိမရှိ
  ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပလို့ အတည်ပြုမှာမို့
  မင်းတို့တွေ ဘာပြောပြော...
  ဒို့ပြည်သူနဲ့ ဒို့ကြည်ဖြူရင် ပြီးတာပဲ
  မူဝါဒလမ်းစဉ်(၇)ရပ်ကို ကိုင်စွဲပြီး ချီတက်မည်
  ညီအစ်ကိုတွေ ပိုင်ဆိုင်ချစ်တဲ့
  ဒီမိုကရေစီ နိုင်ငံသစ်ဆီသို့ ...။ ။

ဒေါက်တာလှစိုးတင့်(ဆေးသုတေသန)

မိတ္ထီလာမြို့ စီးပွားရေးတက္ကသိုလ် ပင်မဆောင်ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



8-7 (06).p65 1 03/24/1905, 2:26 PM

*** ကျောဖုံးမှ**

ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပူတာအိုလေဆိပ်တွင် ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့်ထွက်ခွာရာ ပူတာအိုမြို့နယ် နောင်ခိုင်ကျေးရွာနှင့် မချမ်းဘောမြို့ကို ဆက်သွယ်တည်ဆောက်ထားသည့်အရှည်ပေ ၇၀၀၊ အကျယ် ခြောက်ပေရှိ မလိခမြစ်ကူး မလိခကြိုးတံတားသို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက မလိခကြိုးတံတားကို ဂျစ်ကားကူး ကြိုးတံတားအဆင့်ထိ တိုးချဲ့ရန် စီစဉ်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ကြိုးတံတားကို ရေရှည်ခိုင်ခံ့စွာအသုံးပြုနိုင်ရေးနှင့် မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်မည့်အစီအမံတို့ကိုပါ စနစ်တကျတိုင်းတာ တွက်ချက် ဆောင်ရွက်သွားရေး မှာကြားပြီး မလိခကြိုးတံတားနှင့် မလိခမြစ် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်ဌေးဦး၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က မချမ်းဘောမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယုံကြည်အားကိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဝန်ထမ်းများသည် မိမိတို့ တာဝန်ယူဆောင်ရွက်နေကြသည့် လုပ်ငန်းများအပေါ် မွန်မြတ်သောစေတနာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြစေလိုကြောင်း၊သို့မှသာ မိမိတို့လက်တွေ့ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် နိုင်ငံတော်အစိုးရ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များအပေါ် ပြည်သူများက ပိုမိုယုံကြည်အားကိုးလာကြမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရာတွင် ဌာနတစ်ခုတည်းသာမက သက်ဆိုင်ရာ ဌာနများအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

မချမ်းဘောမြို့၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံလိုအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မလိခမြစ်ကူး မလိခကြိုးတံတား အခြေအနေနှင့် မြစ်ရေစီးမှုအနေအထားကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရောင်စုံရုပ်မြင်သံကြားစက်တစ်စုံကို သူရရွှေမန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပူတာအို အခြေအနေကို အမြဲတစေ လေ့လာပြီး ကြိုးတံတား ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် အစီအမံများကြိုတင်ကြံဆ ဆောင်ရွက်ထားရေး မှာကြားပြီး မူလာရှီးဒီ ဂျစ်ကားကူး ကြီး သူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊

ဒေသအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးမှုအပေါ်အကောင်အထည်ဖော်မည့်သူများမှာ ဒေသခံများနှင့်ဝန်ထမ်းများဖြစ်

နိုင်ငံတော်၏ပံ့ပိုးဖြည့်ဆည်းမှုများ ဒေသခံပြည်သူများပြည့်ပြည့်ဝဝခံစားနိုင်ရန် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မချမ်းဘောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ချက်များကို နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအကျိုးရှိရှိ အသုံးချခံစားနိုင်ရေး တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးသွားကြရေး စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသော ပေ ၄၄၀ ကျော်ရှိ မူလာရှီးဒီ ဂျစ်ကားကူး ကြိုးတံတားကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ပြန်/ဆက်)

မြို့နယ်ပညာရေးမှူးဦးကျော်ထွန်းသို့ ပေးအပ်လှူဒါန်းပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး အမျိုးသား၊ အမျိုးသမီးလူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြင့်သိန်းက လိုက်လံရှင်းလင်းပြသပြီး ဗိုလ်ချုပ်ကြီး မြို့နယ် မူလာရှီးဒီကျေးရွာရှိ မူလာချောင်းကို ဖြတ်သန်းဆက်သွယ်တည်ဆောက်ထားသည့် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေရှိ မူလာရှီးဒီ ဂျစ်ကားကူး ကြိုးတံတားသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက မူလာရှီးဒီ ဂျစ်ကားကူး ကြိုးတံတား ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရေး၊ မူလာချောင်း ရေစီးရေလာ ကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ပူတာအိုမြို့

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့ ခါကာဘိုရာဇီရိပ်သာသို့ရောက်ရှိကြသည်။

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၃ရက် နံနက်ပိုင်းတွင် ပူတာအို-မြစ်ကြီးနား ကားလမ်းဘေးရှိလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြစ်ကြီးနားမြို့နယ် မျိုးသန့်စပါးစိုက်ပျိုးရေးခြံ၏ နွေစပါး စမ်းသပ်စိုက်ကွင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးအုန်းသန်းက စမ်းသပ်စိုက်ကွက်၏ မျိုးသန့်စပါး အောင်မြင်မှုအခြေအနေ၊ အထွက်တိုး ထွန်းသီရိမျိုးစပါးနှင့် ရတနာအောင် မျိုးစပါးများအပြင် ရာ(၂)ထွန်းမျိုးစပါးနှင့် ဘီဂျီမျိုးစပါးတို့ကိုပါ တိုးချဲ့စမ်းသပ်စိုက်ပျိုးရန် စီစဉ်ထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ပူတာအိုခရိုင်အတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် အထွက်တိုးမျိုးသန့် မျိုးစပါးများတိုးချဲ့စိုက်ပျိုးရန် စီမံချက်ချမှတ်ဆောင်ရွက်သွားရေး၊ ဒေသခံတောင်သူလယ်သမားများအား မျိုးနှင့် နည်းပညာဖြန့်ဖြူးပေးနိုင်ရေးတို့ကို စနစ်တကျဆောင်ရွက်သွားရေး သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားပြီး အောင်မြင်ဖြစ်ထွန်းရင့်မှည့်နေသည့် အထွက်တိုးထွန်းသီရိမျိုးစပါးနှင့် ရတနာအောင်မျိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❁

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ စာမျက်နှာ ၇ မှ

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပူတာအို ခရိုင် မချမ်းဘောမြို့နယ် မလိခမြစ် အရှေ့ဘက်ကမ်းရှိ ကောင်းမှုလုံစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အား ပန်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းသည် ကောင်းမှုလုံစေတီတော် ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ် ဆာရ်ခွမ်ဒမ်းကျေးရွာ အခြေခံပညာ မူလတန်းလွန် ကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီးဦးယောရမ်နှင့် ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက ကျောင်းအုပ်ဆရာကြီးနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ရပ်မိရပ်ဖများအား နှုတ်ဆက်အားပေးစကားပြောကြားပြီး ကျောင်းအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

ဆောင်၊ ပြင်ပလူနာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူတို့က လိုက်လံပြသရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ပူတာအိုမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းသည် ပူတာအိုမြို့ ဖုန်ကန်ရာဇီမြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက ပူတာအိုမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းအတွက် ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကို ကျောင်းအုပ်ဆရာကြီးဦးချစ်လှိုင်သို့လည်းကောင်း၊ ပူတာအိုမြို့နယ် မူလာရှီးဒီအခြေခံပညာအလယ်တန်းကျောင်းအတွက်ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးကို တာဝန်ခံအလယ်တန်းပြဆရာဦးဖန်းဆင်ဆုန်းသို့လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းက အမှာစကားပြောကြားရာတွင် မိမိနှင့်အတူဝန်ကြီးများ၊ ဒုတိယ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပူတာအိုမြို့နယ် ဆာခွန်ဒမ်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ရပ်မိရပ်ဖများအား နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။ (ထပဆ)

ဒေသခံတိုင်းရင်းသားညီအစ်ကိုများဖွံ့ ဖြိုးတိုးတက်ရေးအတတ်ပညာအတွေ့အကြုံများဖြန့်ဝေ ဌာနဆိုင်ရာဝန်ထမ်းများ လူ မှုရေးအသင်းအဖွဲ့ များ၏ အင်အားကိုရယူ၊ လက်တွဲညီညီပူးပေါင်းဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာအောင်ဝင်းနှင့် ဆရာဝန် ဆရာမများ၊ သူနာပြုများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ညှိနှိုင်းစီစဉ်

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းသည် ပူတာအိုမြို့နယ် ပြည်သူ့ဆေးရုံအတွင်းရှိ လူနာဆောင်များ၊ ခွဲစိတ်ဆောင်အသစ်နှင့် ခာတ်မှန် ဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ယခုလာရောက်ကြခြင်းဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး

၁၉၈၈ ခုနှစ် မတိုင်မီကာလက နှင့်ယနေ့ကာလနှိုင်းယှဉ်လျှင် မိမိတို့၏ဒေသမည်ရွေ့မည်မျှဖွံ့ဖြိုးတိုးတက်လာနေသည်ကို မိမိတို့မျက်မြင်ပင်ဖြစ်ကြောင်း၊ ယင်းသို့ အတိုင်းအတာတစ်ခုအထိ တိုးတက်ဖွံ့ဖြိုးစည်ပင်လာခြင်းမှာ ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ တပ်မတော်နှင့်နိုင်ငံတော်အစိုးရတို့ လက်တွဲညီညီဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြ၍သာဖြစ်ကြောင်း၊ ဆက်လက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအားလုံးကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားပါက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဟုယုံကြည်ပါကြောင်း။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး အဖြစ် ရောက်ရှိရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်နေကြောင်း။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ယခုနှစ် မေ၁၇ရက်မှ စတင်ကာ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ခုမှ ညီလာခံကိုယ်စားလှယ်များဖြင့် ကျင်းပခဲ့သည်မှာ ယနေ့အောင်မြင်ခရီးရောက်လျက်ရှိပြီး ယခုအခါ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကိုပင် ဖတ်ကြားတင်ပြသည့် အဆင့်သို့ရောက်ရှိနေသည်ကို အများပြည်သူများ အသိပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးတွင် ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများကလည်း နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ ယခုကဲ့သို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ လူမှုရေးအသင်းအဖွဲ့ ဝင်များအားလုံးကလည်း မိမိတို့၏ အသင်းအဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၏ ပင်မအခြေခံဖြစ်သည့် မိမိဒေသ၊ မိမိရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်း။

ပံ့ပိုးဖြည့်ဆည်း

ဤမြေ ဤဒေသသည် ရေမြေသဘာဝအခြေခံကောင်းအရင်းအမြစ်များရှိပြီးဖြစ်ရာ မိမိဒေသ အလျင်အမြန်ဖွံ့ဖြိုးအောင် နိုင်ငံတော်အပိုင်း၊ ဒေသအာဏာပိုင်များအပိုင်းက လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းမှုအပေါ် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည့်သူများမှာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများပင် ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးမှုများကိုဒေသခံပြည်သူများ ပြည့်ပြည့်ဝဝခံစားနိုင်ရန်သက်ဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့်အတူ ဒေသခံပြည်သူများက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့်ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် အခမ်းအနားသို့ တက်ရောက်ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည်

ဗဟန်း ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ဗဟန်းမြို့နယ် အမှတ်၇၀ သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ဩဂုတ် ၁ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် အဆိုပါရိပ်သာ မဟာဓမ္မဗိမာန်တော်ကြီး အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် သင်္ကန်းဆက်ကပ်နိုင်ရန် စီစဉ်ထားကြောင်း ဂေါပကအဖွဲ့နှင့် ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

(ကဖ-ပ)

ရဟတ်ယာဉ်ဖြင့်ထွက်ခွာရာ ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့သို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းသည် ဆွမ်ပရာဘွမ်မြို့ ဘန်ရူခန်းမ၌မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

လိုအပ်ချက်ရှင်းလင်း

ရှေးဦးစွာ ဆွမ်ပရာဘွမ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်ကဆွမ်ပရာဘွမ်မြို့၏တည်နေရာ အကျယ်အဝန်း၊ ရာသီဥတု၊ရပ်ကွက်ကျေးရွာအုပ်စုနှင့်လူဦးရေ၊ ၂၀၀၃-၂၀၀၄ခုနှစ်သီးနှံစိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ ခုနှစ် စိုက်ပျိုးရေးရာသီတွင် သီးနှံများစိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုများနှင့်ဖြည့်ဆည်းပေးရန်လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးဦးတီလ်သောန်၊မြို့နယ်ဆရာဝန်ကြီးဒေါက်တာ ဒေါ်ခင်နော်ဇာအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းများအခြေအနေနှင့်လုပ်ငန်းလိုအပ်ချက်တို့ကိုရှင်းလင်းတင်ပြကြရာ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့်ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေက ဆွမ်ပရာဘွမ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများသွားလာမှု အဆင်ပြေရေးအတွက် ဒေသအာဏာပိုင်အနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စီမံချက်ချဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဖြည့်ဆည်းဆောင်ရွက်ပေးဖွယ်ရာများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုအခြေခံမှာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်သွားလာမှုကောင်းမွန်ရေး၊ လုံခြုံချောမွေ့စေရေးအတွက် နိုင်ငံတော်က နိုင်ငံတစ်ဝန်းလုံးတွင် စီမံချက်ချမှတ်၍ ဆောင်ရွက်ပေးနေကြောင်း။

တစ်ချိန်တည်းတွင် ဒေသ၏ရေမြေသဘာဝနှင့်ကိုက်ညီသည့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ဝမ်းစာဖူလုံရေးမှသည် ပိုလျှံရေးထိဦးတည်ကာ အထွက်တိုးမျိုးကောင်းများ၊ နည်းပညာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ဆွမ်ပရာဘွမ်မြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးဖြစ်ထွန်းရာ တောင်သူများအား စည်းရုံးဆောင်ရွက်စိုက်ပျိုးစေခြင်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက နည်းပညာနှင့် အခြားပံ့ပိုးပေးဖွယ်ရာများကို ပံ့ပိုးပေးရန်ဖြစ်ကြောင်း။

၎င်းမြို့နယ်အတွင်း တာဝန်ထမ်းဆောင်ကြသည့်ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရကိုယ်စား ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းခံစားနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

စေတနာမှန်ဖြင့်ဖြန့်ဝေ

မိမိတာဝန်ထမ်းဆောင်ရာ ဒေသကိုမိမိ၏ဒေသရင်းကဲ့သို့သဘောထားကာ ယင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ၎င်းဒေသနေ ပြည်သူများမှာ မိမိတို့၏ တိုင်းရင်းသား ညီအစ်ကိုရင်းများသာ ဖြစ်ကြကြောင်း၊ သို့ဖြစ်ရာ ယင်းတိုင်းရင်းသားညီအစ်ကိုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိမိတို့၏ အတတ်ပညာ၊ အတွေ့အကြုံတို့ကို စိတ်ရင်း စေတနာမှန်ဖြင့် ဖြန့်ဝေပေးကြရန် မှာကြားလိုကြောင်း။

အထူးသဖြင့် ဌာနဆိုင်ရာဝန်ထမ်းများသည် လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့တို့၏ အင်အားကို ရယူကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဆွမ်ပရာဘွမ်မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းသုံး ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီး ဦးရွှေလှသို့လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်သို့လည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင်ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ မြစ်ကြီးနားမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း မချမ်းဘောမြို့နယ်ရှိ ကောင်းမှုလုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (ထပဆ)

တွေ့ဆုံမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဆွမ်ပရာဘွမ်မြို့ ဘန်ရူခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (ထပဆ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ်
ပထမဝါဆိုလပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၈-၇-၂၀၀၄
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀	၆။	အဆိုပြိုင်ပွဲ
၈:၁၀	၇။	အကပဒေသာ
၈:၂၀	၈။	နတ်သားတောရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀	၇။	**"တစ်ဘဝစာ"** (သတ္တိ၊ မေသဥ္စာဦး၊ ချောချစ်) (ဒါရိုက်တာ-ရိုးရိုး)
၁၇:၄၅	၈။	မြန်မာစာ မြန်မာစကား (အပိုင်း-၆)
၁၈:၀၀	၉။	တေးဂီတအစီအစဉ်
၁၈:၁၅	၁၀။	နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၃၇)
၁၉:၃၀	၁၄။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၁၉:၄၀	၁၅။	"ထူးချွန်မြန်မာအမျိုးသမီးများ"
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"ရင်ခုန်ရဲတိုက်"** (အပိုင်း-၁) (ဒွေး၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး နီပေါနိုင်ငံဘုရင်မင်းမြတ်မွေးနေ့အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Dilip Kumar Paudel နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

ရန်ကုန် ဇူလိုင် ၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အများအားဖြင့် အားအနည်းငယ် ရှိနေကြောင်းသိရသည်။

ဇူလိုင် ၈ ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၁)

အောင်မိုးခံ

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအဖို့ ဒီပြည်၊ ဒီမြေကို သစ္စာစောင့်သိဖို့ ဖြစ်ပါတယ်။ ဒီပြည်၊ ဒီမြေကို ကျူးကျော်သိမ်းပိုက်လိုသူတို့ရန်က တစ်စိတ်တစ်ဝမ်းတည်း အသက်ပေးကာကွယ်သွားဖို့ ဖြစ်ပါတယ်။ ဒီပြည်၊ ဒီမြေ တည်တံ့ခိုင်မြဲမှုကို လက်ဆင့်ကမ်း သယ်ယူသွားဖို့ ဖြစ်ပါတယ်။ ဒို့မိဘ၊ ဒို့ဘိုးဘွား၊ ဒို့ဘီဘင်များက အသက်ပေးပြီး ကာကွယ်ခဲ့ကြပြီ။ ဒါ့ကြောင့် ဒီနေ့ ဒီပြည်၊ ဒီမြေကို ပိုင်ဆိုင်တဲ့ ဘဝရောက်ခဲ့တယ်။ နေရာကွဲတယ်။ ဒေသဝေးတယ်၊ စကားမတူ အယူမမျှဆိုပြီး အငြင်းပွားနေစရာမလို၊ တစ်သွေးတစ်သား စိတ်မှာထားပြီး အင်အားပြည့်ဝစွာ တက်ညီလက်ညီ ဒီမိုကရေစီနိုင်ငံတော်ထူထောင်သွားကြဖို့ ဖြစ်ပါတယ်။ ဒီအတွက် ဒီကနေ့ အမျိုးသား ညီလာခံကြီးကို ပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ်စုံညီစွာနဲ့ ကျင်းပနေခြင်းလဲ ဖြစ်တယ်။ ဒီညီလာခံကြီးမှာ–

(၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊
(၂) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊
(၃) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊
(၄) တောင်သူလယ်သမား ကိုယ်စားလှယ်များ၊
(၅) အလုပ်သမား ကိုယ်စားလှယ်များ၊
(၆) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊
(၇) နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊
(၈) အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ တက်ရောက်လျက်ရှိပါတယ်။ ဒီအစုအဖွဲ့ ရှစ်ဖွဲ့တွင် ကိုယ်စားလှယ်တစ်ထောင်ကျော် တက်ရောက်နေကြပါတယ်။

ဒါဟာ ပြည်ထောင်စုကြီးကို စံထားတဲ့ အမျိုးသား ညီလာခံကြီးလည်း ဖြစ်တယ်။ ဒီညီလာခံကြီးမှာ တက်ရောက်နေကြတဲ့ ကိုယ်စားလှယ်များဟာ တစ်အူထုံ့ဆင်း တိုင်းရင်းသား ညီရင်းအစ်ကို စိတ်ဓာတ်၊ အေးအတူပူအမျှ ဆိုးတူကောင်းဘက်၊ သေအတူ ရှင်မကွာ၊ ဥမကွဲသိုက်မပျက် နေထိုင်သွားကြမယ်။ ပြည်ထောင်စုစိတ်ဓာတ်များနဲ့ ချစ်ခြင်းဆိုတဲ့ မေတ္တာ၊ ညှာတာထောက်ထားခြင်းဆိုတဲ့ ကရုဏာ၊ တစ်ပါးသူရဲ့အပြစ်ကို ခွင့်လွှတ်တတ်ခြင်းဆိုတဲ့ ဥပေက္ခာ၊ တစ်ပါးသူရဲ့ အောင်မြင်မှုကို မိမိကဲ့သို့ ထပ်တူခံစားခြင်းဆိုတဲ့ မုဒိတာတရား လက်ကိုင်ထားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နေပြီ ဖြစ်တယ်။ အဲဒီလို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးကို အမျိုးသားညီလာခံကြီးရဲ့ (၁)ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ (၄) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ (၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး၊ (၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထမ်းဆောင်နိုင်ရေးဆိုတဲ့ ဦးတည်ချက်ခြောက်ရပ်နဲ့အညီ ကြိုးပမ်းသွားကြမယ် ဖြစ်ပါတယ်။ ဒီဦးတည်ချက် (၆) ရပ်ထဲက အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် သော့ချက်ကျတဲ့ နောက်ဆုံးနံပါတ်(၆)အချက်ကို ပြည်တွင်းပြည်ပက အင်အားစုအချို့ ဆန့်ကျင်ကြတယ်လို့ သိရတယ်။ အဲဒီအမျိုးသားညီလာခံဦးတည်ချက် (၆) ရပ်ထဲက နံပါတ် ၁၊ ၂၊ ၃ကို လက်ခံသူတိုင်းဟာ နံပါတ်(၆)အချက်ကို မလွဲဧကန် လက်ခံနိုင်ရမယ် ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့(၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ အမျိုးသားရေး မူဝါဒကြီး (၃)ရပ်ကို အသက်ပေး ကာကွယ်ထမ်းဆောင်နိုင်တဲ့ အင်အားစုဟာ တပ်မတော်သာ ဖြစ်ပါတယ်။ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး တည်ငြိမ်အေးချမ်းသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာတဲ့ အထိ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ဖို့ လိုတယ်။ ဒီအချက်ကို ပယ်ဖျက်ပြီး ချက်ချင်းအနောက်ဥရောပ ဒီမိုကရေစီကို ပုံတူမကူးနိုင်ပါ။ အနောက်ဥရောပ စက်မှုနိုင်ငံကြီးများတွင်လည်း နှစ်ဦးကာလက စစ်ရေး၊ နိုင်ငံရေးပူးတွဲ တာဝန်ယူတဲ့ ခေါင်းဆောင်တွေ ထွန်းကားသောခေတ်ကို ဖြတ်သန်းခဲ့ရတယ်။ ဒီကနေ့ မြန်မာနိုင်ငံအပေါ် ပြင်းထန်စွာ စီးပွားရေးပိတ်ဆို့ အရေးယူနေတဲ့ အမေရိကန်ဟာ လွတ်လပ်ရေးစစ်ပွဲနဲ့ ပြည်တွင်းစစ်ကို ဖြတ်သန်းခဲ့ရတယ်ဆိုပေမယ့် အဲဒီကာလတွေဟာ အချိန်တိုသာ ဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံမှာတော့ ဒီကနေ့ တိုင်းပြည်တွင် လက်နက်ကိုင် ပဋိပက္ခ မချုပ်ငြိမ်းနိုင်သေးပါဘူး။ ကျန်နေဆဲဖြစ်တယ်။ ရာစုနှစ်ဝက်ကျိုးခဲ့ပါပြီ။ အမေရိကန်လို ဒီမိုကရေစီ ဘိုးအေအမည်ခံ နိုင်ငံသည်ပင်လျှင် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တည့်မတ်စွာ မလျှောက်လှမ်းနိုင်သေးတဲ့အချက် အချို့ရှိနေကြောင်း သတိပြုသင့်တယ်။

ဒါ့ကြောင့် လူ့သမိုင်းဟာ နရာမှရင့်ရာသို့ တက်လှမ်းရတယ်ဆိုတဲ့ လူမှုသိပ္ပံတရားရယ်။ အကြောင်းအကျိုးဆက် ယုတ္တိတရားရယ်တို့ကို ဆင်ခြင်သဘောပေါက်သောအားဖြင့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာတွင် တပ်မတော်နဲ့လက်တွဲကြိုးပမ်းသွားဖို့အတွက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင်ဖို့ လိုတယ်။ အဲဒီလို သမိုင်းစဉ်ဖြစ်ပေါ် တိုးတက်မှုတရားနဲ့ ကြောင်းကျိုးဆက်စပ်ဖြစ်ပေါ်မှု တရားတို့ကို နားမဝင် လက်မခံဘဲ ဥပဒေပြဌာန်းပေးလိုက်ရုံနဲ့ ကိစ္စပြီးမြောက်သွားမယ်လို့ စိတ်ကူးယဉ်နေရင်တော့ မြန်မာ့သမိုင်းဟာ ရှေ့မတိုးနိုင်ဘဲ နောက်ဆုတ်တဲ့ သံသရာမှာပင် ပြန်လည်နေဦးမယ် ဖြစ်ပါတယ်။ ဒီအခါ တပ်မတော်က မလွှဲမရှောင်သာ အာဏာသိမ်းရမှုတွေလဲ ပေါ်ပေါက်လာနေရဦးမယ် ဖြစ်တယ်။

ဒီနေ့ မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ ဦးတည်ချက် (၆)ရပ်နဲ့ ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးကို သွေးထိုးဖြိုခွဲနေမှုတွေ၊ ဆန့်ကျင်မှုတွေဟာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးနဲ့ ပိုမိုအလှမ်းဝေးသွားစေတဲ့ လုပ်ရပ်သာဖြစ်တယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲတဲ့ဒဏ်၊ လက်နက်ကိုင် ပြည်တွင်းပဋိပက္ခဒဏ်ကို တစ်မျိုးသားလုံး ခါးစည်းခံလာရတာ ဖြစ်တယ်။ အဲဒီလို ခါးသီး၊ နာကြည်း၊ နောင်ကြဉ်စရာ သမိုင်းသင်ခန်းစာတွေကို ဆင်ခြင်ယူဖို့ အချိန်အခါကောင်းကျရောက်နေပြီဖြစ်ပါတယ်။ ကမ္ဘာမှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲတဲ့ နိုင်ငံတွေ၊ ပြည်တွင်းစစ်ဖြစ်ပွားတဲ့ နိုင်ငံတွေမှာ အကောင်းဆိုလို့ ပြစရာမရှိဘဲ ပြည်သူအချို့ အငတ်ဘေးပင် ကြုံတွေ့နေရတယ်။ ဒီအပေါ် နိုင်ငံကြီးအချို့ရဲ့ လက်နက်ရောင်းလိုက်၊ ရိက္ခာကူလိုက်နဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆိုသလို အမြတ်ထုတ်မှုတွေကိုလည်း ကြုံနေကြရတယ်။

မြန်မာနိုင်ငံမှာ တည်ဆဲတပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် အစိုးရအဆက်ဆက်ကို လက်နက်ကိုင်ပုန်ကန်ခြားနားလာခဲ့ကြတဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့တာဟာ ဘယ်လောက်ဝမ်းသာပီတိဖြစ်စရာ ကောင်းပါသလဲ။ တိုင်းရင်းသာချင်းသွေးမြေကျနေရတဲ့ ပဋိပက္ခတွေကို ပြည်တွင်း ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး၊ ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေး စိတ်ဓာတ်နဲ့ နှစ်ဦးနှစ်ဖက် ဖြေရှင်းလွန်မြောက်ခဲ့ပြီ ဖြစ်တယ်။ ဒီတိုင်းရင်းသားအင်အားစုတွေဟာ ဒီကနေ့ အမျိုးသားညီလာခံကြီးမှာ ညီအစ်ကိုနောင်ရင်း တိုင်းရင်းသားကိုယ်စားလှယ်များနဲ့အတူ ပါဝင်တက်ရောက်နေပြီဖြစ်တယ်။ ပြည်ထောင်စုကြီးရဲ့ အနာဂတ်ကံကြမ္မာဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမှုများကို ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်နေပြီ ဖြစ်တယ်။ ဒီကတစ်ဆင့် ဒီမိုကရေစီနိုင်ငံတော်ကို ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ တည်ငြိမ်အေးချမ်းစွာ ထူထောင်သွားမယ် ဖြစ်တယ်။ ဒါကြောင့် ဒီမူဝါဒလမ်းစဉ်(၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေတဲ့ သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

---

(၁၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ ခေါ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီ အစည်းအဝေး

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့

၂၀၀၄ခုနှစ် ဇူလိုင်လ (၁၀)ရက်နေ့မှ (၁၃)ရက်နေ့အထိ

သဒ္ဒါမေးကွက်အတွဲ(၂) ကျမ်းစာအုပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် စာချကထိက အာဂုံဆောင်ကျမ်းပြုအရှင် အရှင်စန္ဒာဓောတိပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင် အရှင်မြတ် ရေးသားပြုစုသော သဒ္ဒါမေးကွက် အတွဲ(၂)ကျမ်းစာအုပ်များကို ဇူလိုင်၆ရက်က တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ပျဉ်းမနားမြို့ပေါ်ရှိ စာသင်တိုက်များသို့ ပေးပို့လှူဒါန်းရာ စာသင်တိုက်ပဓာနနာယကဆရာတော်များကိုယ်စား တပ်ကုန်း ဦးဓမ္မသာမိက လက်ခံရယူသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် သဃ်န်းကျွန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တို့ ပူးပေါင်း၍ ဆေးငွေပဒေသာပင် လှူဒါန်းခြင်း၊ သွေးလှူဒါန်းခြင်းနှင့် အာဟာရ ကျွေးမွေးလှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၃ရက်က စံပြဆေးရုံကြီးတွင် ကျင်းပရာ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ သွေးလှူဒါန်းနေသည့် အဖွဲ့ဝင်များကို ကြည့်ရှုအားပေးကြစဉ်။ (၄၀၀)

၂၀၀၄ခုနှစ် ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ဇူလိုင် ၆ရက်က မြောက်ဥက္ကလာပမြို့နယ် မြရတနာစလမ်းနှင့် ၁၀လမ်းတို့တွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးနှင့် တာဝန်ရှိသူများ ကြည့်ရှု စစ်ဆေးစဉ်။ (က-ပ)

■ ကျောဖုံးမှ

မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ် စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၇)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP) နဂါးအဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP)ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေး မြို့သစ်အဖွဲ့၊ ရှမ်းပြည် အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မှတ်တမ်းတင်လက်မှတ်ထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ်ဦးအောင်တိုးနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွှန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်ဒေါ်ခင်နုက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှဦးယောအေးလှ၊တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၉ ဦးတက်ရောက်သည့်အတွက်ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ၂၅ ရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့်သဘာပတိ၏ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစု အဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းကိုအဆိုပါအစုအဖွဲ့မှကိုယ်စားလှယ်များက ဖတ်ကြား တင်ပြကြသည်။

ရှေးဦးစွာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံ

စာမျက်နှာ ၁၂ ကော်လံ ၁

သဘာပတိအဖွဲ့နှင့် တက်ရောက်ကြသူများ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့နှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် အားကစားဝန်ကြီးဌာနမှ ဦးသောင်းထိုက်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြင့်မြတ်နှလုံးသားရုပ်ရှင်ဇာတ်ကားပြင့်ဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၇

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ဖျော်ဖြေတင်ဆက်

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာဝေမှိုင်းညိုရိုက်ကူးပြီး သရုပ်ဆောင်လွင်မိုး၊ စိုးမြတ်သူဇာ၊ ဇင်ဝိုင်း၊ ထက်ထက်မိုးဦး၊ အောင်ခိုင်၊ ခင်စိုးပိုင်နှင့် ရှမဝ စမ်းစမ်းအေးတို့ပါဝင် သရုပ်ဆောင်ထားကြသည့် 'မြင့်မြတ်နှလုံးသား' ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။ **(သတင်းစဉ်)**

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်ခေတ္တရပ်နားပြီး ညနေ ၃ နာရီ၁၅မိနစ်တွင်ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ လူမှုရေးကဏ္ဍကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ၂၀၀၆ ခုနှစ်ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးသန်းညွန့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဦးရန်နိုင်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ပြုချက်စာတမ်းပါ နိဒါန်း၊ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍတို့ကို အမျိုးသားညီလာခံ ကိုယ်စားလှယ် အားကစားဝန်ကြီးဌာနမှ ဦးသောင်းထိုက်က စတင်ဖတ်ကြားတင်ပြသည်။

ဆက်လက်၍နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းပါ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဦးသန်းညွန့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀ နာရီ ၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၃၅မိနစ်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတို့ကို ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ ဦးရန်နိုင်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ နေ့လယ်စာ သုံးဆောင်နိုင်ရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင်ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက် စာတမ်းပါ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့ကို သတ္တုတွင်းဝန်ကြီးဌာနမှ ဦးလှသိန်းက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းပါ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍကိုရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှသောင်းမြင့်ကဖတ်ကြားတင်ပြသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် သတ္တုတွင်း ဝန်ကြီးဌာနမှ ဦးလှသိန်းက ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှသောင်းမြင့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည့် ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ကံမမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၇

ကံမမြို့နယ်အသင်း(ရန်ကုန်)ကကြီးမှူး၍ ရန်ကုန်မြို့တွင်ကျောင်းထိုင်ဆရာတော်ကြီးများအဖြစ် သီတင်းသုံးလျက်ရှိကြသော ကံမမြို့နယ်ဇာတိဆရာတော်ကြီး ၁၇ ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံ၌ ဇူလိုင် ၁၈ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့်ဧည့်ခံမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းမဝင်သေးသော ကံမမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ကိုယ်တိုင်ဆက်ကပ်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းအောင် (ငြိမ်း) ဖုန်း–၅၄၁၇၇၃၊ ဦးအောင်တိုး ဖုန်း–၀၉–၉၉– ၂၄၇၇၃၊ ဦးစိုးငြိမ်း ဖုန်း–၂၄၄၇၆၀ နှင့် ဦးသိန်းတန် ဖုန်း–၂၄၄၁၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိမ်ဖြစ်ထွန်းမည်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၆–၇–၂၀၀၄

မြစ်ကြီးနားမြို့	**၁ ဒသမ ၈၅ လက်မ**
ပူတာအိုမြို့	**၄ ဒသမ ၆၈ လက်မ**
ခန္တီးမြို့	**၆ ဒသမ ၅၈ လက်မ**

မလေးရှားနိုင်ငံ၌ပညာဆည်းပူးရန်ပညာသင်ဆုချီးမြှင့်ပွဲ ကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၇

စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီသည် မြန်မာကျောင်းသားခုနစ်ဦးတို့အား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးရန် ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပက်ထရိုနပ်စ်ရေနံကုမ္ပဏီမှ Mr. EN. Rahim Ismail တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပညာသင်ဆုများကို ကျောင်းသားများအား ချီးမြှင့်သည်။ ပညာသင်ဆုသည် ကျောင်းသားများ၏ ပညာသင်ကြားမှုစရိတ်အဝဝကို ကျခံရန်ပါဝင်ပြီး ကျောင်းသားများအနေဖြင့် ပညာသင်ကာလပြီးဆုံးသည့်အခါ နိုင်ငံတော်အစိုးရ (စွမ်းအင်ဝန်ကြီးဌာန)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီက ယခုမြန်မာကျောင်းသားများအား ပညာသင်ဆုချီးမြှင့်ခြင်းသည် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီက မြန်မာကျောင်းသားခုနစ်ဦးအား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ်နည်းပညာတက္ကသိုလ်တွင်ပညာဆည်းပူးရန် ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (စွမ်းအင်)

လူမှုဝန်ထမ်းဦးစီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်စိန်ထွားတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၀၄ ခုနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၆၄) ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းရုံးများနှင့် သင်တန်းကျောင်းများမှ တာဝန်ခံ အရာရှိများ တက်ရောက်ကြသည်။

မှာကြား

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်နယ်နှင့်တိုင်းများက ဦးစီးအရာရှိများနှင့် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၊ လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အမျိုးသမီးကလေးကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးပြုစုစောင့်ရှောက်ရေးဌာနတို့မှ ကျောင်းအုပ်ကြီးများက လည်းကောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၊ မသန်စွမ်းသင်တန်းကျောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများမှ အုပ်ချုပ်ရေးမှူးများနှင့်စခန်းတာဝန်ခံများကလည်းကောင်း ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ဝန်ကြီးကဖြည့်စွက်မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှတ်သားဖွယ်မိုးရေချိန်များ

၇–၇–၂၀၀၄

ကမ္ဘာအေး	**၀ ဒသမ ၁၂ လက်မ**
ရန်ကုန်မြို့လယ်	**၀ ဒသမ ၂၀ လက်မ**
မင်္ဂလာဒုံ	**၁ ဒသမ ၁၀ လက်မ**

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၁၆)ဖြန့်ချီ

ရန်ကုန် ဇူလိုင် ၇

ဂျပန်နိုင်ငံမှ ဒီဇယ်စက်ခေါင်းသစ်တစ်စီးနှင့် ခရီးသည် လိုက်ပါစီးနင်းနိုင်သော ရထားခေါင်းသစ် သုံးစီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာ၊ ရေငန်ငါးများနှင့် ပြုလုပ်သော ငါးကြိတ်သားကို ဂျပန်နိုင်ငံသို့ အဓိကတင်ပို့နေ၊ အက်ဖ်အမ်အိုင်တွင် နေအိမ်ပေါင်း ၂၀၀၀အထိ ဆောက်လုပ်ရန်ရှိ၊ ကမ္ဘာ့အရှားပါးဆုံးနှင့် အလှဆုံး ဂါနီတောင် ငုံးငှက်များ မြန်မာပြည်တောင်ပိုင်း ဝေန်ကြိုးဝိုင်း၌ ကမ္ဘာ့အများဆုံးအရေအတွက် ရှာဖွေတွေ့ရှိလိုက်ခြင်းစသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

ကမ္ဘာကြီးပူနွေးလာမှုက ဆန်စပါး အထွက်နှုန်းကို အလွန်ထိခိုက်၊ ဘက်ခမ်း အရှုံးသမား၊ လက်ကိုင်ဖုန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာရေး အစီအစဉ်၌ နိုကီယာ ပူးပေါင်းပါဝင်၊ ဘာဘီကလေး အချစ်သစ်ရှာ လူသန်ကြီး ဘလိန်းဖြစ်မည်လား၊ သွားပြဿနာသည် ကလေးဘဝက ပေါ့ဆမှုသက်သက်သာမဟုတ် စသည့် နိုင်ငံတကာရေးရာသတင်းစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၀၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းမြို့မအလယ်တန်းကျောင်းသစ်ဖွင့်

ရန်ကုန် ဇူလိုင် ၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း မြို့မ အလယ်တန်းကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးဆာဝမ်ဖုန်းတို့က ကျောင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)အရှေ့ရပ်ကွက်ရှိ အမက (၁၃)ကျောင်းနှင့် အမက(၇)ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူကလေးများအတွက် ဦးသန်းဝင်း၊ ဒေါ်သိင်္ဂီ အမှတ် ၁၂၉ ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ်မှ မောင်ဟိဏ်း ထက်ဝင်း တစ်နှစ်ပြည့်မွေးနေ့အဖြစ်တန်ဖိုးငွေကျပ် ၃၃၀၀၀၀ တန် စာအုပ်များကို ဇွန်၂၈ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အုန်းသို့ လှူဒါန်းစဉ်။ (၂၅၈)

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ ဆရာဝန်များအတွက် နှလုံးနှင့် သွေးကြောရောဂါဆိုင်ရာ ကုထုံးသစ်များ(Drugs for The Health Today-An Introduction)ကို ပါမောက္ခ ဦးအောင်ချိန်က ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ၊ ဆေးကျောင်းသားများနှင့် စိတ်ပါဝင်စားသူများ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ) အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန် ဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ်ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက စီးပွား/ကူးသန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ဦးဆောင်ဂိုး

ဘဏ္ဍာ/အခွန်အသင်းက ဘယ်ညာတောင်ပံများမှ အဆက်မပြတ်ထိုးဖောက်ကစားလာရင်း အလယ်တန်းမှ ကန့်လန့်ဖြတ်ကန်ပို့လိုက်သည့် ဘောလုံးကို စီးပွား/ကူးသန်းနောက်တန်းက ဖျက်ထုတ်ရာ လိုရာမရောက်ဘဲ ဘဏ္ဍာ/အခွန်အသင်း အလယ်တန်းလူအောင်ကျော်မိုး ဆီရောက်သွားသည်။ အောင်ကျော်မိုးက ဘောလုံးကို တစ်ချက်ဖမ်းထိန်းပြီး ပယ်နယ်တီဧရိယာအတွင်းမှ ထောင့်ဖြတ်ကန်သွင်းရာ ကန်ချက်ကောင်းသဖြင့် ဂိုးသမားမကာကွယ်နိုင်ဘဲ ဂိုးဝင်သွားရာ ပွဲချိန်မိနစ်၃၀တွင် ဘဏ္ဍာ/အခွန် ဦးဆောင်ဂိုး ရရှိသွားသည်။

သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၇

ဗိုလ်မှူးနေဝင်းသည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးသူရအောင်မျိုးမြင့်(ငြိမ်း)၊ ဦးအောင်မြင့်လှိုင်၊ ဦးကြည်အေးတို့နှင့်အတူ ဇွန် ၁၉ ရက်က သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၇သို့ ၁၀၁ ကိုက်အကွာမှ MS.3 (28)ဘောလုံးအား Pitching Wedge(Dunlop)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

အလားတူပင် ဦးသန်းဝင်းဦး (DALICHI Garment)သည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်ဝင်း (ဒါရိုက်တာ၊ စိန်ဂေဟာ)၊ ဒေါက်တာစိန်လင်း(ထွန်းသီရိဆေးခန်း)၊ ဒေါက်တာဝင်းလွင် (ကထိက၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)၊ ဦးမြတ်ခိုင်(ပစ်တိုင်းထောင်ကုမ္ပဏီ)တို့နှင့်အတူ ဇူလိုင် ၄ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၂ သို့ ၁၅၄ ကိုက်အကွာမှ Ultra 500 ဘောလုံးကို Mizuno Iron (7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

သတင်းဆောင်းပါး—ကိုထွေး

ဘဏ္ဍာ/အခွန်အသင်း ကွင်းလယ်ကစားကွက် ကောင်းမွန်ပြီး ဆက်လက် ထိုးဖောက်ကစားလာရင်း ဂိုးရှေ့သို့ အမြောက်ကန်ပို့လိုက်ရာ ဂိုးသမား ဇော်မိုးထက် ခုန်ဖမ်းရင်း လွတ်ထွက်လာသည့် ဘောလုံးကို စိုးမြတ်မင်း ခေါင်းတိုက်မသွင်းဘဲ နောက်ပြန်ကန်သွင်းသဖြင့် ဂိုးအပေါ်မှ ကျော်သွားသည်။ ဘဏ္ဍာ/အခွန်အသင်း သေချာပေါက် တစ်ဂိုးနစ်နာခဲ့ရသည်။

ချေပဂိုးသွင်း

ဘဏ္ဍာ/အခွန်အသင်း ဖိကစားနေစဉ် စီးပွား/ကူးသန်းအသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် ချေပဂိုး ရရှိသွားသည်။ ပွဲချိန်၃၉မိနစ်တွင် စီးပွား/ကူးသန်း အသင်းက ဘိုဘိုအောင်နှင့် ကျော်ဇင်ဝင်းတို့ အပေးအယူလုပ်ကစားရင်း ကျော်ဇင်ဝင်းက ဘဏ္ဍာ/အခွန် ပယ်နယ်တီ ဧရိယာအတွင်း ဘောလုံးဆွဲယူသွားကာ ဂိုးသမားအောင်အောင်ဦးရှေ့ထွက်လာစဉ် အောင်အောင်ဦးကိုပါ လိမ်ပြီး ကန်သွင်းယူသဖြင့် စီးပွား/ကူးသန်းအသင်းချေပဂိုး ရရှိသွားသည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။

ဒုတိယဂိုး

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက အချိတ်အဆက်မိမိကစားနိုင်ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သည်။ စီးပွား/ကူးသန်းအသင်း အလယ်တန်းက နောက်တန်းနှင့်ရှေ့တန်းကို ချိတ်ဆက်ပေးနိုင်မှုအားနည်း၍ ထိုးဖောက်နိုင်မှုမရှိဘဲ ဖြစ်နေသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်မိနစ်၅၀တွင် တိုက်စစ်မှူး ရန်ပိုင်ဂိုးသမားနှင့် အနီးကပ် ကန်သွင်းရာ ဂိုးသမားနှင့်ထိပြီး ပြန်ထွက်လာစဉ် စိုးမြတ်မင်းက မနားတမ်းကန်သွင်းယူ၍ ရရှိခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ပိုင်က ဂိုးနှင့်အနီးကပ် ကန်သွင်းရာ ဘောလုံးဂိုးတိုင်ထိပြီး ထွက်သွား၍ ဘဏ္ဍာ/အခွန်တစ်ဂိုး နစ်နာခဲ့ရပြန်သည်။

အထူးကြိုးစား

စီးပွား/ကူးသန်း အသင်းက ဒုတိယ ဂိုးအသွင်းခံလိုက်ရပြီးနောက် လူစား သုံးဦးလဲကာ တိုက်စစ်အားမြှင့်တင်ခဲ့ရာ ချေပဂိုးရလုရခင်အခြေအနေများရှိခဲ့သည်။ ပွဲပြီးခါနီးတွင် စီးပွား/ကူးသန်းအသင်း အထူးကြိုးစားကစားပြီး တိုက်စစ် ဖွင့်လာခဲ့ရာ ဘဏ္ဍာ/ အခွန်အသင်းက ဂိုးရရှိရေးထက် ဂိုးမပေးရရေးအတွက် ခံစစ်ဦးစားပေး ကစားသွားသည်။ ဘဏ္ဍာ/အခွန်အသင်းက ဇော်ထိုက်နှင့် ထွန်းထွန်းဝင်းတို့ကိုထုတ်ကာ ကျော်သူရနှင့် လွင်ဦးတို့ကို လူစားလဲပြီး ကစားအား မြှင့်တင်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းသည် ပွဲအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ဗိုလ်လုပွဲ တက်ရောက်သွားပြီး လက်ရှိချန်ပီယံဂုဏ်ကို ထိန်းနိုင်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းသည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် စွမ်းအင်အသင်းနှင့် ပြည်ထဲရေးအသင်းပွဲစဉ်မှ အနိုင်ရရှိသူနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲအပြီးပြောကြား

ပွဲအပြီးတွင် အနိုင်ရရှိသွားသော ဘဏ္ဍာ/အခွန်အသင်းမှ အုပ်ချုပ်သူနှင့်နည်းပြများအား မြန်မာ့အလင်းက တွေ့ဆုံ မေးမြန်းခဲ့သည်။ ရှေးဦးစွာ ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင် တိုက်ဂါးဖလားပွဲ ပွဲစဉ် မဲနှိုက်ခြင်း အခမ်းအနားသို့ တက်ရောက်ရန် ပြည်ပသို့ သွားရောက်နေသည့် အတွက် တွဲဖက်အုပ်ချုပ်သူ ဦးအောင်ထွန်းဦးအား မေးမြန်းရာတွင် "မိမိတို့ ကစားသမားများအနေဖြင့် ယခင်ပွဲများက အမှားကို သင်ခန်းစာယူပြီး ယနေ့ပွဲတွင် အကောင်းဆုံး ကစားနိုင်ခဲ့ကြောင်း၊ ကစားသမားများအနေဖြင့် အထူးကြိုးစားကာ အမှားနည်းအောင် ကစားနိုင်ခဲ့ကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲတွင်လည်းအကောင်းဆုံးကစားပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့အနိုင်ရရှိခဲ့ခြင်းမှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၏ ပံ့ပိုးကူညီအားပေးမှု အဓိကကျပါကြောင်း"ဖြင့် ပြောကြားသည်။

ဆက်လက်၍ နည်းပြချုပ် ဦးမြင့်ကြူးကိုယ်စား လက်ထောက်နည်းပြ ဦးတင်မြင့်အောင်က "အနိုင်ရရှိသည့်အတွက် ဝမ်းသာပျော်ရွှင်မိကြောင်း၊ နှစ်သင်းစလုံးကောင်းကြ၍ ပွဲကောင်းတစ်ပွဲဖြစ်ကြောင်း၊ စီးပွား/ကူးသန်းအသင်း၏အားသာချက်ကို သိထား၍ ပိတ်ဆို့ကစားခဲ့ကြောင်း၊ အချိန်ပိုအထိမရောက်ဘဲ ပုံမှန်ပွဲကစားချိန်မိနစ် ၉၀ အတွင်း အနိုင်ရမည်ဟု ယုံကြည်ခဲ့ကြောင်း၊ ၄-၁-၃-၂ ပုံစံလူနေရာချထားပြီး ကစားခဲ့ကြောင်း၊ တန်ပြန်တိုက်စစ်မှတစ်ဆင့် တစ်ဂိုးပြန်ပေးခဲ့ရကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲ၌ အကောင်းဆုံးကစားမည်ဖြစ်ပြီး ဗိုလ်စွဲမည်ဟုယုံကြည်ကြောင်း" ပြောကြားသည်။

ဘဏ္ဍာ/အခွန် အသင်းခေါင်းဆောင် မြန်မာ့လက်ရွေးစင်ဟောင်း မျိုးလှိုင်ဝင်းက "ဘဏ္ဍာ/အခွန်အသင်းကို အနိုင်ရရှိစေချင်သည့် ပရိသတ်များ၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် ဝမ်းသာမိကြောင်း၊ မိမိအနေဖြင့် အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း၊ ဂိုးသွင်းနိုင်ရေးအတွက် ကြိုးစားခဲ့သော်လည်း ကိုယ်တိုင်ဂိုးမသွင်းနိုင်ခဲ့ကြောင်း၊ ကိုယ်တိုင်ဂိုးမသွင်းနိုင်သော်လည်း ကစားဖော်များ ဂိုးသွင်းနိုင်အောင်ဖန်တီးပေးရသည်ကို ကျေနပ်မိကြောင်း၊ ဗိုလ်လုပွဲ၌ မည်သည့်အသင်းနှင့် ကစားရမည်ကို မသိသေးသော်လည်း အနိုင်ရ ရမည်ဆိုသည့် စိတ်ဓာတ်ဖြင့်ကစားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ယနေ့ပွဲ

ဇူလိုင် ၈ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ပြည်ထဲရေးအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ဝိဝါသနီး ဆံပင်၊ မိတ်ကပ်အလှပြင်သင်တန်း (အထူး)ညနေပိုင်းသင်တန်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	-	၁၅-၇-၂၀၀၄
သင်တန်းဖွင့်လှစ်မည့်နေရာ	-	အမှတ်၂၈၃၊ လမ်း၄၀(အထက်)
သင်တန်းချိန်	-	ညနေ၃နာရီမှ ၆နာရီ (အင်္ဂါမှ စနေ)
သင်တန်းကာလ	-	နှစ်လ၊ ၂၀ဦး (အမျိုးသမီးများသာ)
သင်တန်းစတင်လက်ခံမည့်နေ့	-	၇-၇-၂၀၀၄

ဖောင်များကို အောက်ပါလိပ်စာတွင် လာယူနိုင်ပါသည်။
အမှတ်၆၈၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၄၅၄၉၃။

တောင်တန်းသာသနာပြုအဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံတောင်တန်းဒေသဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ကြီး၏ (၃၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဖွဲ့တည်ရာ အဏ္ဏဝါမွှာရုံ ၁၄(ခ)ကြားတောရလမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဝင်ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းများရှိ ဝါဆိုသီတင်းသုံးမည့် ဆရာတော်များထံ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများနှင့် အဏ္ဏဝါမိသားစုများအနေဖြင့် ၀၁-၃၈၁၄၆၂ နှင့် ၀၉-၅၀-၂၀၅၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ပန်းတနော်မြို့ သာသနာသောဘိတဇီသိမ်တော်ကြီး ပြုပြင်တည်ဆောက်ရန် အလှူငွေများပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၇

ပန်းတနော်မြို့ သာသနာ့ဟိတာရာမ ပုခန်းကျောင်းတိုက်အတွင်းရှိ သာသနာသောဘိတဇီသိမ်တော်မြတ်သည် လယ်တီဆရာတော်၊ သံယုတ်ဆရာတော်နှင့် ဘင်္ဂလားဆရာတော်တို့ ကြီးမှူး၍ မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ်တွင် သမုတ်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်က သိမ်တော်ဖြစ်သည်။

ယခုအခါ ယင်းသိမ်တော်ကြီးမှာ ပျက်စီးယိုယွင်းနေပြီဖြစ်၍ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိက ထပ်မံပြုပြင်တည်ဆောက်လျက်ရှိရာ သိမ်ဒါယကာ၊ ဒါယိကာမအဖြစ် လှူဒါန်းလိုပါက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိ ဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့ ပန်းတနော်မြို့ထံသို့ လည်းကောင်း၊ ဦးကျော်ဇင် (ခိုင်ယဉ်မွန်အော့ဖ်ဆက်) အမှတ် ၈၁ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၅၄၆၃ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပအိုဝ်းဓမ္မာရုံဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

တောင်ကြီး ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမကို အမှူးထား၍ နှစ်စဉ် ပအိုဝ်းဓမ္မာရုံ၌ ကျင်းပမြဲဖြစ်သည့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက် (ဇူလိုင် ၂၅ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ဗဟန်း ၁လမ်းရှိ ပအိုဝ်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ ဦးအောင်သန်း(အုပ်ချုပ်ရေးမှူး) ဖုန်း-၃၈၀၈၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

St. Annes Convent
Diamond Jubilee

ကျင်းပမည့်နေရာ - Diocesan Memorial Hall
ဆက်သွယ်ရန် - Christine Su (21878)
Flavia Hti (21725)
Gilbert Hti (23079)
Kamala Young (23130)

အလယ်တန်းနှင့်အထက်တန်းအင်္ဂလိပ်စာ
အထောက်အကူပြု Student's Companion
စာစဉ် အမှတ် (၁) ထွက်ပါပြီ

TODAY ENGINEERING SERVICE & TRAINING
Theory & Practical
Just Call 220016
No. 41, G/F, 7th St, Lanmadaw Tsp, Yangon.

ပဒုမ္မာကျေးရွာစက်ရေတွင်း တူးဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကောလင်း ဇွန် ၁၀

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျေးလက်ဒေသသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၅ရက်က ကောလင်းမြို့နယ် ပဒုမ္မာကျေးရွာ စက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်ဥက္ကဋ္ဌဦးမင်းလွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက စက်ရေတွင်းမှ ရေကောင်းရေသန့်ရရှိရေးနှင့် ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အလားတူ ဇွန် ၅ ရက်က ကောလင်းမြို့နယ် ကျွန်တော်ကျေးရွာတွဲဖက် မူလတန်းကျောင်း ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးမှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်လျက်ရှိသော ရေတွင်းတူးဖော်ရေးလုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။ **(ဝ၂၆)**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်နှင့် ပဲခူးတိုင်း ကဝမြို့နယ်တို့ ဆက်သွယ်သွားလာမှုလွယ်ကူရေးအတွက် ကဝမြို့နယ် ကံဘဲ့ကျေးရွာနေ အလှူရှင် ဦးအုန်းမောင်-ဒေါ်ခင်ညွန့်မိသားစုတို့ဆောက်လုပ်လှူဒါန်းသည့် သိန်း၁၃၀ကျော်တန် ကွန်ကရစ် ဆည်မချောင်းကူးတံတား သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က ကံဘဲ့ကျေးရွာ ချောင်းကူးတံတားတွင် ကျင်းပရာ ခရမ်းမြို့နယ်ဥက္ကဋ္ဌ ဦးသန်းဦး၊ အလှူရှင် ဒေါ်ခင်ညွန့်နှင့်မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

စစ်ဆေး

ဇွန် ၂ ရက်က ရေဦးမြို့နယ် မန်ကျည်းတောကျေးရွာမှ တောင်သူဦးစိန်ဝင်းမော်၏ ၂ဒသမ၆၂ ဧကရှိ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျေးလက်ရေရရှိရေး ပုတာအိုမြို့၌ဆောင်ရွက်

ပုတာအို ဇွန် ၁၈

ဇွန် ၁၅ရက်က ပုတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းညွှန့်ဦးတို့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ဆားရုံခွမ်ဒမ်းကျေးရွာတွင် လက်တူးတွင်းတစ်တွင်း တူးဖော်မည့်မြေနေရာအား သွားရောက်ကြည့်ရှုကြသည်။

ပုတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေပေးရေးအတွက် ငွေကျပ် ၂၅၀၀၀၀ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် သတင်း နှင့် မြင်ကွင်း

ဆောင်ရွက်

ချင်းပြည်နယ် ရေဇွာမြို့ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းရန် ပိုက်ချမြောင်းတူး ဖော်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နေလူထု ဇွန် ၂ရက်က ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် စာမတတ်သူပပျောက်ရေး အတွက် 'အ' သုံးလုံးကျေသင်တန်းများကို စာသင်ဝိုင်းများ ဖွင့်လှစ်၍ ပညာရေးဌာနမှ ဆရာဆရာမများနှင့်အတူ သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေးငွေးရှိန်နှင့် အမှုဆောင်များက ဒေသခံ ရှမ်း၊ ပလောင်၊ လီဆူး တိုင်းရင်းသားများ ပါဝင်ကူညီ စာသင်ကြားပေးလျက်ရှိသည်ကို ဇွန် ၆ရက်က စာသင်ဝိုင်းတစ်ဝိုင်း၌ တွေ့ရစဉ်။ (၃၀၆)

ချိုကွဲ့ကျေးရွာ၌ လူငယ့်ရိပ်သာစာကြည့်တိုက်ဖွင့်

ဘောလခဲ ဇွန် ၄

ကယားပြည်နယ် ဘောလခဲမြို့နယ် ချိုကွဲ့ကျေးရွာ လူငယ့်ရိပ်သာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ၂၇ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်၊ ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိနှင့်ကျေးရွာဥက္ကဋ္ဌဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက ကျေးရွာအလိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ် ရခြင်းကို ဟောပြောပြီး ကျေးလက် လူငယ့်ရိပ်သာစာကြည့်တိုက်သို့ စာအုပ်စာစောင် အုပ် ၅၀ကို ပေးအပ်ရာ စာကြည့်တိုက်မှူးက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေတောင်စည်ပင်အမှုဆောင်အရာရှိ ကျေးလက်ကတ္တရာလမ်းခင်းမှုကြီးကြပ်ဆောင်ရွက်

ရွှေတောင် ဇူလိုင် ၃

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထွန်းဝေနှင့်ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်မြင့်တို့သည် ဇွန် ၂၈ရက်က ရွှေတောင်မြို့နယ် ရွှေနတ်တောင်ကျီးသဲကျေးလက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကို တာဝန်ခံအင်ဂျင်နီယာဦးကျော်ကျော်ဝင်းနှင့်အငယ်တန်းအင်ဂျင်နီယာ (၃)ဦးရဲနောင်တို့က ရှင်းလင်းတင်ပြရာ အမှုဆောင်အရာရှိက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်သည်။**(ယာပုံ)**

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေနတ်တောင်-ကျီးသဲကျေးလက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၃၇၅သိန်းဖြင့် လမ်းအရှည် ၂ဒသမ၇၅မိုင်ကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီး လမ်းအပိုင်း(၁)ကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ ကျန်ရှိသည့် အပိုင်းအား နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၁၆)**

တီးတိန်မြို့၌ စုပေါင်းလက်ဖက်စိုက်ပွဲကျင်းပ

တီးတိန် ဇွန် ၂၀

ချင်းပြည်နယ် တီးတိန်မြို့နယ်၏ ၂၀၀၄ ခုနှစ်အတွက် ရက်သတ္တပတ်လှုပ်ရှားမှု စုပေါင်းလက်ဖက်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၆ရက်က ဌာနပေါင်းစုံ လက်ဖက်စိုက်ခင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးဂိုဆွင့်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးဒေါ်ခန့်နန်က လက်ဖက်စိုက်ပျိုးနည်းစနစ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် လက်ဖက်တောင်သူ စုစုပေါင်း ၇၀၄ဦးတို့က လက်ဖက်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးဝေဆာ တိုင်းဇေယျာ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

ရန်ကြီးအောင် ကုန်းဘောင်မြို့ကျေး
နေညိုညို စည်တော်သံချီလှတယ်
ယွန်းကြစို့လေး။
တွေးမှတ်ကြနော်
ပြည်ကျော်တဲ့သမိုင်း။
ရွှေစည်တော် အောင်သံပေးတယ်
အေးပေါ့လူတိုင်း။

(ရွှေဘိုဗုံကြီးသံ)

စာရေးသူသည် စစ်ကိုင်းတိုင်းသို့ သွားရောက်တိုင်း ရွှေဘိုမြို့ကို ဝင်ရောက်ပြီး တတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး၏ အောင်မြေကို အခါမလပ်ဝင်ရောက်ဂါရဝပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူတို့၏ ယနေ့ခေတ်တွင် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်အောင်မြင်နေသော အခါသမယကို ဂုဏ်ပြုကြိုဆိုလို၍ ဖြစ်ပါသည်။

စာရေးသူတို့ ကားလေးသည် ချင်းတွင်း မြစ်ကူးတံတားကြီးကို ဖြတ်သန်းမောင်းနှင်ခဲ့သည်။ ချင်းတွင်းမြစ်ကြီးပေါ်တွင် ခံ့ညားထည်ဝါသော တံတားကြီးနှစ်စင်း ဘွားခနဲပေါ်လာသည်ကို ကွယ်လွန်သွားသော စာရေးသူ၏ ဖခင်ကို လှုပ်နှိုး၍ပင် ပြလိုက်ချင်သည်။ စာရေးသူတို့ ငယ်စဉ်က အိပ်မက်မျှပင် မမက်ဖူးခဲ့ပါ။ ယခုတော့ လက်တွေ့အသုံးချနေရပါပြီ။

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ဘက်သို့လည်း ရောက်ရှိခဲ့သည်။ ထိုရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ၁၁–၄–၂၀၀၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အောက်ပါအတိုင်း အမှာစကား ပြောကြားခဲ့သည်–

“ချင်းတွင်းမြစ်၏ ရေသယံဇာတကို အသုံးချ၍ ရေအားလျှပ်စစ် မြန်မြန်ထုတ်လုပ်နိုင်ရန် အရေးကြီးကြောင်း၊ ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းအဆင့်ဆင့်ရှိသည့်အနက် ဤရွှေစာရေးကျေးရွာပတ်ဝန်းကျင်၌ အကောင်အထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ မုံရွာဒေသအနောက်ခြမ်းနှင့် ပခုက္ကူခရိုင်အတွင်းရှိ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားသာမက ချင်းတွင်းမြစ်မှတစ်ဆင့် စိုက်ပျိုးရေရရှိပြီး သမားရိုးကျ တစ်သီးစားဘဝမှ နှစ်သီးစား၊ သုံးသီးစားဘဝသို့ ရောက်ရှိ၍ ဝင်ငွေတိုးတက်ကာ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ကြောင်း၊ ဒေသပတ်ဝန်းကျင်သည်လည်း စိမ်းလန်းစိုပြည်လာမှာ ဖြစ်ကြောင်း။

ထို့ပြင် မုံရွာဒေသရှိ သတ္တုမိုင်းစီမံကိန်းများနှင့် စက်ရုံ၊ အလုပ်ရုံများအတွက် လျှပ်စစ်ဓာတ်အား ရရှိစေရုံသာမက မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် အခြားဒေသများကိုပါ လျှပ်စစ်ဓာတ်အား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ကြောင်း။

ဤသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုနှင့် စိုက်ပျိုးရေပေးဝေမှုအပြင် ချင်းတွင်းမြစ်အတွင်း ရေကြောင်းသွားလာမှုကိုလည်း ရာသီမရွေး လွယ်ကူစွာ သွားနိုင်စေမှာဖြစ်၍ ရွှေစာရေးဒေသ၏ ရေအားလျှပ်စစ်စီမံကိန်းသည် ဘက်စုံကဏ္ဍစုံမှ အကျိုးရှိသော စီမံကိန်းကြီးဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အပိုင်းက ဤဒေသ၌ ချင်းတွင်းမြစ်ရေကို အသုံးချ၍ ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နိုင်အောင် အလေးထားနေခြင်းဖြစ်ရာ သက်ဆိုင်ရာပညာရှင်များက အသေးစိတ်ကွင်းဆင်းလေ့လာစိစစ် တိုင်းတာမှုများပြုလုပ်၍ တည်ဆောက်သွားမည့် ဒီဇိုင်းအပါအဝင် စီမံကိန်းဆိုင်ရာ လိုအပ်ချက်များကို အမြန်ဆုံးဖော်ထုတ်သွားရမှာ ဖြစ်ကြောင်း”

နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မိန့်ကြားခဲ့သည်။

စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေခရိုင်နှင့် ရေရှားပါးခြောက်သွေ့သည့် အညာဒေသများ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်၌ ပါရှိသော ရေရရှိရေးလုပ်ငန်းနှင့် ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်ရေးလုပ်ငန်းကို ဖိဖိစီးစီးဆောင်ရွက်နေကြသည့်အပြင် ဒေသအမြဲတမ်းစိမ်းလန်းစိုပြည်ရေးအတွက် တမာပင်၊ ထန်းပင်၊ သစ်ဆိမ့်ပင်၊ အော်ရီရှားပင် စသည့် ဒေသနှင့်ကိုက်ညီမည့် သစ်ပင်များကိုလည်း တစ်အုပ်တစ်မ စိုက်ပျိုးနေကြသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ)ကို ဖြတ်ကျော်လာခဲ့ပြီးနောက် မုံရွာ– ယာကြီး– ကလေးဝလမ်းပေါ်တွင် စာရေးသူတို့ကားလေးသည် မြားပြေးသလို မောင်းနှင်နေသည်။

မုံရွာ– ယာကြီး– ကလေးဝ ကားလမ်းသစ်ပေါ်၌တည်ရှိပြီး မြစ်သာမြစ်ကို ဖြတ်ကူး တည်ဆောက်ထားသော တံတားဖြစ်သည်။

တံတားကြီး တည်ဆောက်ပြီးသွားပြီဖြစ်သည့်အတွက် မုံရွာမှကလေးဝကို ကားလမ်းသစ်အတိုင်း တိုက်ရိုက် အချိန်တိုအတွင်း သွားလာနိုင်ခဲ့ပြီ။ မြစ်သာမြစ်၏ သဘာဝအတားအဆီးကို ယခုကဲ့သို့ တံတားကြီးထိုးပြီး ကျော်လွှားနိုင်ပြီဖြစ်သည့်အတွက် ကလေးဒေသနှင့် မုံရွာဒေသအကြား၊ ထို့အပြင် မုံရွာဒေသနှင့် ချင်းပြည်နယ်(မြောက်ပိုင်း)အကြား ကူးလူးဆက်ဆံ သွားလာမှု၊ ကုန်စည်ဖောက်ကား ရောင်းဝယ်မှုတို့သည် သွက်လက်မြန်ဆန် ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်သည်။ တံတားထိပ်၌ တည်ရှိနေသော ကလေးဝမြို့မှာလည်း ပိုမိုတိုးတက် စည်ပင်လာခဲ့ပြီ။

ထို့ကြောင့် အချက်အချာကျသည့် ကလေးဒေသကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး ချင်းပြည်နယ်ဒေသမှ တိုင်းရင်းသားများအပါအဝင် လူငယ်များ အဆင့်မြင့်ပညာများ သင်ကြားနိုင်အောင် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်ပေးခဲ့သကဲ့သို့ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးကိုလည်း ထိုက်ထိုက်တန်တန် အဆင့်မြှင့်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်သည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ကလေးလေဆိပ်ကို ခရီးသည်တင် ဂျက်လေယာဉ် ဆင်းသက်နိုင်အောင် တိုးချဲ့ပေးခြင်း၊ ကလေး–ဂန့်ဂေါ ရထားလမ်းသစ်နှင့် ကလေး–ဂန့်ဂေါ ကားလမ်းသစ်တို့ကို ဖောက်လုပ်ပေးခြင်း၊ တမူး– ကလေး– ကလေးဝ ကားလမ်းကို အဆင့်မီကားလမ်းအဖြစ် အဆင့်တင်ခြင်းတို့ကို နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့်လည်း ကလေးဒေသကို ချင်းပြည်နယ်(မြောက်ပိုင်း)၏ အားထားရသည့် တံခါးဝအဖြစ်သာမက အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ဆက်စပ်လုပ်ကိုင်နေသော နယ်စပ်ဒေသ ကုန်သွယ်ရေး ကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံမှ သိသိသာသာ ဖွံ့ဖြိုးစည်ပင်နေသည့် ဒေသအဖြစ် ယနေ့ ထင်ထင်ရှားရှား မြင်တွေ့နေကြရပြီ ဖြစ်သည်။

ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသတစ်လျှောက် ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာမြောက် မုံရွာ– ယာကြီး– ကလေးဝ ကားလမ်းသစ်ကို တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ကားလမ်းအရှည် ၁၁၅မိုင်ရှိပြီး တံတားကြီး၊ တံတားငယ်ပေါင်း ၁၇၄စင်း ပါဝင်သည်။ တံတားပေါင်း ၁၇၄စင်းအနက် ၂၁စင်းကို အခိုင်အမာ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပြီးဖြစ်သည်။ ပုထိုးလုံးတံတား၊ မြို့မတံတား၊ တိန်းတံတားနှင့် လပင်တံတားတို့မှာ ပေ ၁၈၀အထက် တံတားကြီးများ ဖြစ်သည်။

ယင်းတံတားကြီးငယ်ပေါင်း ၁၇၄ စင်းတွင် မကြာမီက ဖွင့်လှစ်သည့် မြစ်သာ(ကလေးဝ)တံတားနှင့် ၂၀၀၃ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် ချင်းတွင်းမြစ်ကူးတံတားတို့ ထည့်သွင်းထားခြင်းမရှိဘဲ စစ်အင်ဂျင်နီယာတပ်ဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ရသည့် တံတားများကိုသာ ရေတွက်ထားခြင်းဖြစ်သည်။ လမ်းမကြီး၏ ကလေးဝဘက်ထိပ်၌ ပေ ၁၃၂၀ ရှိသည့် မြစ်သာတံတားကြီးနှင့် လမ်းမကြီး၏ မုံရွာဘက်ထိပ်၌ ပေ ၄၇၀၀ ကျော်သည့် ချင်းတွင်းတံတားကြီးတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

လမ်းမကြီးတစ်လျှောက်တွင် တည်ရှိနေသော ကနီမြို့၊ မင်းကင်းမြို့နှင့် ယာကြီးချောင်၊ စစ်လျင်ချောင်၊ တောင်တွင်းချောင် စသည့်ဒေသ၌ရှိသော ကျေးရွာပေါင်း ၅၅ ရွာ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာရေးလည်း သိသိသာသာ အထောက်အကူပြုနေပြီ ဖြစ်သည်။ ဤလမ်းမကြီးနှင့် တံတားများသည် အနာဂတ်သားစဉ်မြေးဆက်အထိ အကျိုးပြုသွားမည့် အမွေခံအခြေခံကောင်းများပင် ဖြစ်သည်။

မြစ်သာတံတားကြီးနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသော လမ်းမကြီးနှင့် တံတားများသည် ချင်းပြည်နယ်ဖွံ့ဖြိုးရေး၊ မုံရွာနှင့်ဆက်စပ်နေသည့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများနှင့် ကလေး–ကလေးဝဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ မြန်မာ–အိန္ဒိယ နယ်စပ်ဒေသကုန်သွယ်မှု တိုးတက်ရေး တို့ကိုသာမက တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေးကိုပါ ဖော်ဆောင်ပေးသွားမည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံကောင်းများအဖြစ် အခိုင်အမာတည်ရှိနေပြီ ဖြစ်သည်။

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး–မုံရွာကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားကို ၁၂–၆–၂၀၀၄ ရက်နေ့က အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ချီးမြှင့်ခဲ့ရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အောက်ပါအတိုင်း အမှာစကားပြောကြားခဲ့သည်။

“နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုး မတိုးတက်သေးသော ပြည်နယ်၊ တိုင်းများဖွံ့ဖြိုးလာအောင်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟနေမှု၊ လူမှုရေး ကွာဟနေမှုများ လျော့နည်းကျဆင်းလာအောင် ယခုကဲ့သို့အထောက်အကူပြုသွားနိုင်မည့်လမ်းများ၊တံတားများကို နိုင်ငံတော်တစ်နံတစ်လျား၌ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တည်ဆောက်နေဆဲလုပ်ငန်းစီမံကိန်းများလည်း များစွာရှိကြောင်း။

တစ်နိုင်ငံလုံး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တံတားကြီးပေါင်း ယခုမြစ်သာတံတားအပါအဝင် ၁၇၂စင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့က တံတားကြီး ခုနစ်စင်း၊ မြန်မာ့မီးရထားက ခြောက်စင်း၊ စုစုပေါင်း တံတားကြီးစာရင်းဝင် တံတားပေါင်း ၁၈၅စင်း တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ မော်တော်ကားလမ်း အနေဖြင့် ၁၉၈၈ခုနှစ်တွင် ၂၁၄၈၃မိုင်ရှိရာမှ ယခုအခါ ၅၆၉၉၅မိုင်အထိ တိုးချဲ့ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလမ်းမိုင်များတွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်း အမျိုးအစား အားလုံးပါရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအပြင် စည်ပင်သာယာရေးအဖွဲ့များနှင့် အခြားအဖွဲ့ အစည်းများက ဖောက်လုပ်ခဲ့သည့်လမ်းများ ပါရှိပါကြောင်း”

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

ယခုမြစ်သာတံတားအပြင် ချင်းတွင်းမြစ်ကူး မုံရွာတံတား၊ ချင်းတွင်းမြစ်ကူး တံတား၊ ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား၊ မူးမြစ်ကူးတံတား စသည့် တံတားကြီးပေါင်း ၁၂စင်းကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်။ မြစ်သာတံတား၊ ချင်းတွင်းတံတားနှင့် ဆင်ဖြူရှင်တံတားများ၏ ဆက်စပ်အကျိုးပြုမှုကြောင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေး တိုးတက်အောင်မြင်အောင် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍအတွက် အခြေခံအဆောက်အအုံများကိုလည်း ပုံအောတည်ဆောက်ပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်ရေးအတွက် ဆည်တမံများ၊ မြစ်ရေတင် စခန်းများ၊ မြေအောက်ရေရရှိရေး လုပ်ငန်းများကို ရင်းနှီးထူထောင်ပေးနေသကဲ့သို့ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင် နည်းလမ်းပြသခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် စစ်ကိုင်းတိုင်း၏ အသားတင်စိုက်ပျိုးမြေဧရိယာမှာ ယခင်က ဧက ၂၈သိန်းခန့်ရှိရာမှ ယခုဧက ၃၉သိန်းကျော်အထိ တိုးတက်လာပြီး သီးနှံမျိုးစုံ စိုက်ဧရိယာဧကအနေဖြင့် ၆၄ သိန်းအထိ ဖြစ်ပေါ်တိုးတက်နေပြီဖြစ်သည်။ စပါးစိုက်ဧရိယာသည် ယခင် ၁ ဒသမ ၂သန်းကျော်မှ ယခုအခါဧက ၁ဒသမ ၈သန်းကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီ။ ဆန်စပါးထွက်ရှိမှုမှာ ဒေသစားသုံးရန်အပြင် တင်းသိန်း ၄၀၀ကျော် ပိုလျှံနေပြီဖြစ်ရာ အထက်မြန်မာပြည်ရှိ လိုအပ်နေသေးသော ဒေသများနှင့် ချင်းပြည်နယ်ကို အထောက်အကူပြုနိုင်ရန်အတွက် စပါးတင်းသိန်း ၈၀၀ပိုလျှံလာအောင် ဆက်လက်အားထုတ်ကြိုးပမ်းနေကြသည်။

နိုင်ငံတော်က အားထုတ်ကြိုးစားဖော်ဆောင်ပေးထားသည့် စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး စစ်ကိုင်းတိုင်း၏ အလားအလာကောင်းသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုဆိုင်ရာ ကုန်ထုတ်လုပ်မှုများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် ကြိုးစားအားထုတ်နေကြသည်။ ကြိုးစားအားထုတ်လျှင် ကြိုးစားအားထုတ်သလောက် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အခြေခံများသည် စစ်ကိုင်းတိုင်း၌ ပြည့်စုံပြီးဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များသည် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ တည်ရှိနေသည့်အတွက် ယင်းချင်းတွင်းမြစ်ဝှမ်း လျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ပြီးသွားမည်ဆိုလျှင် စစ်ကိုင်းတိုင်း၏ ကုန်ထုတ်လုပ်မှုရော လူနေမှုဘဝအဆင့်အတန်းများ ထပ်ဆင့်မြင့်မားတိုးတက်လာမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းတွင် ဆည်အစုအဖွဲ့နှင့် မြစ်ရေတင်စီမံကိန်းပေါင်း ၂၂ခုကို နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေကျပ်သန်းပေါင်း ၁၁၁၈၀ ဒသမ ၀၀ ရင်းနှီးပြီး တည်ဆောက်ပေးခဲ့ရာ ဆည်ရေသောက် စိုက်ပျိုးဧရိယာ ၇၄၅၉၀၉ ဧကရှိကြောင်း ၂၀၀၃ ခုနှစ် မေလအထိ စာရင်းဇယားများအရ သိရှိခဲ့ရသည်။

၁၉၈၈ နောက်ပိုင်းတွင် စစ်ကိုင်းတိုင်း၌ ကတ္တရာလမ်း ၈၉၈ ဒသမ ၄ မိုင်၊ ကျောက်ချောလမ်း ၂၅၂ ဒသမ ၃မိုင်၊ မြေသားလမ်း ၄၃၀ ဒသမ ၆ မိုင်၊ အမာခံလမ်း ၃၁၂ ဒသမ ၇ မိုင် စုစုပေါင်း လမ်းမိုင် ၁၈၉၄ မိုင်နှင့် မီးရထားလမ်း ၄၅၃ ဒသမ ၉၆ မိုင်ကိုလည်း ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖခင်ကြီး၏ မွေးရပ်မြေ တိုင်းဇေယျာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဂုဏ်ယူဝမ်းမြောက်စွာ လေ့လာကြည့်ရှု မှတ်တမ်းပြုတင်ပြလိုက်ရပါသည်။ ။

မြစ်သာတံတား
(ကလေးဝ)

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ကလေးဝမြို့အဝင် ကလေး–မုံရွာ ကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ခဲ့သော မြစ်သာတံတား(ကလေးဝ)ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ် အမှတ် (၅) ဗဟိုလမ်းနေ
(ဦးမြင့်သိန်း)-ဒေါ်အဲလစ်စဘက်တို့၏ တစ်ဦးတည်းသောသား

စောကျော်မောင်သိန်း

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ တိုက်၊ ၃၇၁ အခန်း (၁၇)နေ ဦးတင့်နိုင်-ဒေါ်ဝေမာအေးတို့၏ သမီးဦး

မကြည်မာဦး

တို့သည် ၇-၅-၂၀၀၄ နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

စောကျော်မောင်သိန်း-မကြည်မာဦး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၆ ရက်

ချိပ်ပိတ်စျေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ကုန်မြို့တော် ရေပေးရေးစီမံကိန်း (ငမိုးရိပ်)တွင် အသုံးပြုရန်အတွက် (၁၀)မီလီမီတာအထူ အချင်း ၇၆လက်မ၊ အရှည် ငါးပေ သံပိုက်လုံး ၁၆၈လုံးအား လုပ်ငန်းခွင်အရောက် ပြုလုပ်ပေးသွင်းရန် ကျပ်ငွေဖြင့် ချိပ်ပိတ်စျေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စျေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၇-၂၀၀၄ရက်နေ့ ၁၅:၀၀နာရီဖြစ်ပြီး စျေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင် ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၉၆၅၅၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

အောင် နိုင်ငံခြားစကားပြောသင်တန်း

အင်္ဂလိပ်၊ဂျပန်၊တရုတ်၊ကိုရီးယား၊ထိုင်း၊မလေးရှား၊ အခြေခံစာရင်းရေး၊ စာရင်းကိုင် ဇူလိုင်လ ၁၀ ရက်နေ့ဖွင့်မည်။ ဂျပန်စကားပြောကို တစ်ပတ် ငါးရက် တတ်အောင် အထူးသင်ကြားမည်။ နံနက် ၈နာရီမှ ညနေ ၅နာရီ အတွင်း ကျန်ဘာသာများကို စနေ၊တနင်္ဂနွေသင်ကြားသည်။ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း ၁ ရန်ကင်းကြားမှတ်တိုင်အနီး၊ C.M.A ရုံးရှေ့ဘေးလမ်း မှဝင်ရန်။





ရောင်းရန်

မန္တလေးမြို့ရှိ - သစ်အချောထည်စက်ရုံ
- မြေ ၅ဧကကျော် အကျယ်အဝန်း
- ဂိုဒေါင်၊ရုံးခန်း၊ ဝန်ထမ်းနားနေဆောင်၊ ရေ၊ မီး၊ ထရန်စဖော်မာ၊ အချောထည်စက် အပြည့်အစုံ
- ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
- ဆက်သွယ်ရန်- ၀၉-၅၀ ၀၅၇၁၅

ဒေါ်ပြုံးပြုံးနှင့်အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေ ရပ်ကွက်၊ အမှတ် ၁၈၊ ဦးစံဖေလမ်းတွင် တရားဝင်နေထိုင်သူဦးမျိုးအောင်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်။

ဦးမျိုးအောင် မှတ်ပုံတင်အမှတ်၁၂/သဃက(နိုင်)၀၇၆၀၆၅ နှင့် ဒေါ်ပြုံးပြုံး မှတ်ပုံတင်အမှတ်၁၂/သဃက(နိုင်)၁၃၄၀၆၉ တို့သည် ၂၈-၆-၂၀၀၄ ရက်နေ့က အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ဒေါ်ပြုံးပြုံးလက်ဝယ်ရှိ အောက်ဖော်ပြပါပစ္စည်းများသည် လင်မယား နှစ်ဦး ပူးတွဲပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်ပါသည်။ အဆိုပါ လင်မယားနှစ်ဦး ပူးတွဲပိုင်ပစ္စည်းများကို ဦးမျိုးအောင်၏ သဘောတူခွင့်ပြုချက်မရဘဲ အရောင်း အဝယ်ပြုလုပ်ခြင်း၊ အမည်လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်၊ မဆောင်ရွက်ရန်နှင့် ပြုလုပ်ဆောင်ရွက်ပါကပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေလမ်း၊ အမှတ် ၁၈ ရှိ ခေါက်ဆွဲအစိုလုပ်ငန်း။ ၂။ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေလမ်း၊ ရပ်ကွက်အမှတ် ၁၈ ဦးစံဖေလမ်းရှိ အနံပေ၂၀၊ အလျားပေ ၁၀၀ ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် တည်ဆောက်ထားသော တိုက်ခံအိမ်။ ၃။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၆၄ ရပ်ကွက်၊ အမှတ် ၆၀၆/၆၀၇၊ စစ်တောင်းလမ်းရှိ ပေ ၈၀ x ပေ ၆၀ ရှိ စက်မှု ၂ မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်တိုက်ခံအိမ်။ ၄။ သဃ်္ဃန်းကျွန်းစျေးတွင် ပါဝါမီတာပါသော ဆိုင်ခန်းနှစ်ခန်း။ ၅။ ဘ/၆၃၁၆ (၄ ချိတ်) Hilux ကားတစ်စီး။ ၆။ ၅က/၈၇၅၂(၅ ချိတ်) Hilux ကားတစ်စီး။ ၇။ တယ်လီဖုန်း နံပါတ်-၂၄၄၁၃၂ တစ်လုံး။ ၈။ ဟွန်ဒါ(Honda)မီးစက်တစ်လုံး။ ၉။ လုပ်ငန်းသုံး လည်ပတ်စေရန် ငွေကျပ်သိန်း ၆၀ကျပ်။ ၁၀။ ချယ်စိန်နားကပ်တစ်ရံ။ ၁၁။ ချယ်စိန်လက်စွပ် တစ်ကွင်း။ ၁၂။ တစ်ကျပ်သား ငွေဒင်္ဂါးတစ်ပြား။ ၁၃။ စိန်ဆွဲကြိုးတစ်ကုံး။ ၁၄။ ငါးမူးသားရွှေဒင်္ဂါး(၁၈)ပြား။ ၁၅။ ပုလဲ လက်ဝတ်ရတနာတစ်စုံ။ ၁၆။ ကျောက်စိမ်းလက်ဝတ်ရတနာတစ်စုံ။ ၁၇။ ပတ္တမြားလက်ဝတ်ရတနာ တစ်စုံ။ ၁၈။ နီလာလက်ဝတ်ရတနာတစ်စုံ။ ၁၉။ ကျောက်ဖြူ လက်ဝတ်ရတနာတစ်စုံ။ ၂၀။ ၁၁ ကျပ်သားစီပါရှိသော ဦးဘသန်းတံဆိပ်ပါ ရွှေချောင်း(၁၀)ချောင်း။ ၂၁။ ရွှေလက်ကောက်(၂)ကျပ်သား။ ၂၂။ မောင်နှံ ခုနစ်ဖော်လက်စွပ်(၂)ကျပ်ခွဲသား။ ၂၃။ ရွှေဆွဲကြိုး (အတောင့်)သုံးကျပ်သား။

ဦးမျိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးအောင်၏တရားရုံးချုပ်ရှေ့နေများ

ဦးလှဝေ B.A(Law);L.L.B
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၇၀၅၆
တိုက် ၂၂၀၊ အခန်း ၁၅၊ ၁ ရပ်ကွက်
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဦးထွန်းစိန် B.A.,R.L.,D.B.L
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၆၆၇၁
တိုက်အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတား
မြို့နယ်၊ ရန်ကုန်မြို့။

အမည်ပြောင်း

အဖ ဦးဝင်းမောင်၏သား တာချီလိတ်မြို့ အထက ပဥ္စမတန်း (ဂ)မှ မောင်ကောင်းထိုက်တိုးအား မောင်ကောင်းစည်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းစည်သူ။**

အမည်ပြောင်း

အထက(၁)ဘားအံ ဒုတိယတန်းမှ အဖ ဦးအာကာကျော်-ဒေါ်ခင်စန်းရီ၏ သမီးဖြစ်သူ မစမ်းပြည့်ဖြိုးအား မမြတ်စမ်းပြည့်ဖြိုးဟု ခေါ်ပါရန်။

အမည်ပြောင်း

ဦးလှဝင်း၏သား တောင်ဥက္ကလာ အထက(၁)ဆဋ္ဌမတန်း(D)မှ မောင်ခွဲ ကိုကိုဝင်းအား မောင်ကောင်းခန့်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းခန့်ဝင်း။

THREE STAR

Air-con ၊ ရေခဲသေတ္တာ တပ်ဆင် ပြုပြင် ရောင်းဝယ်ရေး (Good Second Air con) များကို စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း-၇၀၅၇၈၄





ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက် အမှတ် (၀/၁၀)၊ ဦးပိုင်အမှတ် (၃၅) မြေကွက်အား ဦးစိန်မျိုးအောင် မှတ်ပုံတင်အမှတ် ၉/မနမ (နိုင်) ၀၉၈၅၇၈ မှ အမှုတွဲအမှတ် ၀၅၅၂/၂၀၀၄-၂၀၀၅ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့် အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန။

နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မခက်ခက်မာ ၁၂/ဗဟန(နိုင်)၀၈၃၃၈၀ နှင့် မောင်ကျော်ထွန်းလင်း (ခ) တိုးတိုး ၁၂/မဂဒ(နိုင်)၁၀၁၃၇၄ တို့သည် ၁၂-၆-၂၀၀၄ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် တိုးချဲ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် တရားဝင် ကွာရှင်းပြတ်စဲ ပြီးစီးပါကြောင်း။

မခက်ခက်မာ။

Congratulation for Opening Ceremony of Excel Treasure Tower

2nd July, 2004 တွင် ဖွင့်လှစ်သော Super Technology Construction ၏ Excel Treasure Tower, Excel Shopping Mall, & Tokyo Pipe Office အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

လင်းလင်းသာကုမ္ပဏီလီမိတက် - မန်နေဂျင်းဒါရိုက်တာ - ဦးမောင်မောင်လင်း

ဒါရိုက်တာများ - ဦးကျော်ညွန့်၊ ဦးစိန်လှိုင်၊ ဦးရှုစိန်၊ ဦးဝင်းနိုင်၊ ဦးအောင်၊ ဦးဝင်းမော်၊ ဦးအောင်ခင်၊ ဦးလှသောင်း။

Dusit Inya Lake Resort , Yangon

Local Service only

One of the Leading 5-star hotels in Myanmar is looking for Dynamic, English-speaking professionals to apply for the following positions to add to their impressive team.

1. Sales Manager
2. Sale Executive

Requirements are;

- Previous sales experience
- Good sales contacts
- Pleasant personality
- Good communication skills
- Basic Computer Skills

Interested persons may submit a detailed CV with relevant documents, a recent photo, expected salary, labor registration card, and contact details to the Human Resource Department, 37, Kaba Aye Pagoda Road, Yangon.

Tel: 662866/57-59 Closing Date of Application is 23rd July 2004.

၁၅-၅-၂၀၀၄နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြည့်ဗဟိုကုမ္ပဏီလီမိတက် ဒါရိုက်တာများနှင့်အများသိစေရန် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အနော်ရထာလမ်း အမှတ်(၁၅၃)နေ ဒေါ်အေးအေး၏ ညွှန်ကြားချက်အရ ၁၅-၅-၂၀၀၄ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)တွင် ပြည့်ဗဟိုကုမ္ပဏီလီမိတက် ဒါရိုက်တာများနှင့်အများသိစေရန် ကြေညာချက်ကို ကြေညာခဲ့ပါသည်။

ယခုအခါ ဒေါ်အေးအေးနှင့် ပြည့်ဗဟိုကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်း၊ ဒါရိုက်တာများဖြစ်ကြသော ဦးစံအေး(ခ)ဦးသောင်း၊ ဦးဆွေတင့်နှင့် ဦးရှိအိုဒေးယားဗားမားတို့ တွေ့ဆုံပြီး စာရင်းရှင်းလင်းပြီးဖြစ်ပါ၍ ဒေါ်အေးအေး၏ညွှန်ကြားချက်အရ ၁၅-၅-၂၀၀၄နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် နောက်နောင် ပြည့်ဗဟိုကုမ္ပဏီလီမိတက်နှင့် ပတ်သက်သည့်ကိစ္စအဝဝတို့ကို အထက်ဖော်ပြပါ မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာများ၏ သဘောဆန္ဒအရ မည်သည့်ကိစ္စရပ်ကိုမဆို ဆက်လက်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ဒေါ်အေးအေးက ကန့်ကွက်ရန်မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ယု(တရားရုံးချုပ်ရှေ့နေ)
အမှတ် ၂၉၊ ၃ထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၅၂၀)၊ အခန်း(၂) မြေညီထပ်ရှိ "ရွှေကြီးမင်းရွှေဆိုင်"၏ ပိုင်ရှင်ဖြစ်သူ ကျွန်တော် ဦးမြသန်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၁၂/ပဘတ(နိုင်)၀၁၂၀၆၂ ကိုင်ဆောင်သူ မသက်(ခ)မအေးအေးဦး၊ မှတ်ပုံတင်အမှတ် ၇/ပခန (နိုင်) ၁၇၀၅၀၆ ကိုင်ဆောင်သူသို့ ၁၁-၁-၂၀၀၂ နေ့စွဲပါ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်-၂၆၆၉/၂၀၀၂ ဖြင့် နိုတြီပဗ္ဗလစ် ဦးမောင်မောင်ကျင်၏ရှေ့မှောက်တွင် လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာကို ဤကြေညာသည့်နေ့မှစ၍ ခြွင်းချက်မရှိ ရုပ်သိမ်းပယ်ဖျက်လိုက်ပြီးဖြစ်ကြောင်းနှင့် မအေးအေးဦးအနေဖြင့် ယင်းကိုယ်စားလှယ်လွှဲစာကို အကြောင်းပြု၍ ဆက်လက်ဆောင်ရွက်နေပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြသန်း
(ရွှေကြီးမင်းရွှေဆိုင်)

ပြင်ဆင်ဖတ်ရှုပါရန် ၃-၇-၂၀၀၄ နေ့ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၇) တွင်ပါရှိသော ကန့်ကွက်နိုင်ပါသည်။ (ဦးသိန်းညွှန့်-တရားရုံးချုပ်ရှေ့နေ) ကြော်ငြာတွင် ဒေါ်လှလှထွေး (အထက်တန်းရှေ့နေ)အစား ဒေါ်လှလှထွေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၆)လမ်း၊ အမှတ် ၁၆/၁၈၅ နေ သားဖြစ်သူ မောင်ဥာဏ်ဝင်း(ခ)ကုလား ၇/တငန(နိုင်)၀၀၁၅၆၃ သည်မိခင်၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်ခင်အုန်းကြည်(ခ)ဘိုဘို။

လေးနှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

၈-၇-၂၀၀၄ ရက်တွင် ချစ်သမီးလေး ငြိမ်းငြိမ်းစု ကွယ်လွန်ခဲ့သည်မှာ လေးနှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ တစ်နေ့တစ်ရက်မှ မမေ့မရပါ။ ရက် လ နှစ်စဉ် သမီးလေးအတွက် ရည်စူးပြီး လှူဒါန်းခဲ့သော ကောင်းမှုအစုစုတို့ကို သမီးလေးရောက်ရှိရာ ဘုံဘဝကရရှိခံစားနိုင်ပါစေ။ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေ၊ မေမေ၊ ကိုကို၊ မမ။

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဦးလေးမြင့် (ပါမောက္ခ၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း) (ဒုတိယပါမောက္ခချုပ်၊ရန်ကုန်အဝေးသင်တက္ကသိုလ်-ငြိမ်း) သည် ၁-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အရှေ့တိုင်းပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
အရှေ့တိုင်းပညာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်။

ဆရာကြီး ဦးဘငွေ (မြင်းခြံ)

မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာအာဘိဓမ္မိကဝိသိဋ္ဌ ကလျာဏဉာဏဓဇ
နာယက အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဆူးလေစေတီတော်ရင်ပြင်
ဥက္ကဋ္ဌ ရွှေမင်းဝံသာသနာ့ရိပ်သာ ဂေါပကအဖွဲ့
ဥက္ကဋ္ဌ ဓမ္မသာကစ္ဆာအဖွဲ့၊ ရွှေတိဂုံစေတီတော်ရင်ပြင်
အသက်(၈၇)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေမင်းဝံသာသနာ့ရိပ်သာနေ အဘိဓမ္မာသင်တန်းပြ ဆရာကြီး ဦးဘငွေသည် ၆-၇-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ဆူးလေစေတီတော်ရင်ပြင်အသင်းတိုက်မှ မွန်းလွဲ ၁:၃၀ နာရီတွင် ကားများထွက်ခွာမည်ဖြစ်၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်)။

အမှုဆောင်အဖွဲ့
အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၊ဆူးလေစေတီတော်ရင်ပြင်။

ဆရာကြီး ဦးဘငွေ (မြင်းခြံ)

မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာအာဘိဓမ္မိကဝိသိဋ္ဌ
ကလျာဏဉာဏဓဇ
နာယက အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး ဆူးလေစေတီတော်ရင်ပြင်
ဥက္ကဋ္ဌ ရွှေမင်းဝံသာသနာ့ရိပ်သာဂေါပကအဖွဲ့
ဥက္ကဋ္ဌ ဓမ္မသာကစ္ဆာအဖွဲ့၊ ရွှေတိဂုံစေတီတော်ရင်ပြင်
အသက်(၈၇)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေမင်းဝံသာသနာ့ရိပ်သာနေ အဘိဓမ္မာသင်တန်းပြဆရာကြီးသည် ၆-၇-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ဂေါပကအဖွဲ့
ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့၊ရွှေမင်းဝံသာသနာ့ရိပ်သာ။

ဝမ်းနည်းကြေကွဲခြင်း

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ် ဒေါက်တာအောင်မြင့်ဦး (မြန်မာစာ၊ တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)၏မိခင် ဒေါ်လှစိန်(မုဒုံ) ကွယ်လွန်သည့်သတင်းကို ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်၊ မြန်မာစာမိသားစု။

ကျေးဇူးတင်ရှိခြင်း

၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းအောင်(ယူနီဗာဆယ်လက်ဖက်ခြောက်၊ မန္တလေး) နာမကျန်းဖြစ်စဉ်က ပြုစုကုသစောင့်ရှောက်ပေးကြသော ရန်ကုန်မြို့ အမှတ်(၂)စစ်ဆေးရုံကြီးမှဆရာဝန်ကြီးနှင့် ဆရာမများ၊ ဗဟိုရ်စည်အထူးကုဆေးခန်းမှ ရောဂါရှာဖွေရေး ဆရာဝန်ကြီးနှင့် ဆရာမများ၊ နိုင်ငံခြားမှဆွေမျိုးမိတ်သင်္ဂဟများ၊ မန္တလေးမြို့မှဆရာဝန်၊ ဆရာမ၊ သူနာပြုများ၊ အစစအရာရာကူညီခဲ့ကြသော ရန်ကုန်-မန္တလေး မီးရထားဌာနမှ အရာရှိကြီးများနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှကူညီခဲ့ကြသော မိတ်ဆွေများ၊ မိကိုကော်ဖီမစ် မိသားစုနှင့်ဝန်ထမ်းများ၊ လမ်းကြောင်းရှင်းလင်းပေးသော ယာဉ်ထိန်းရဲတပ်ဖွဲ့မှအရာရှိကြီးများနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှမေတ္တာဖြင့် စောင့်ရှောက်ပြုစုပေးကြသူများနှင့် တယ်လီဖုန်းဖြင့် နာရေးသတင်းမေးကြသူများ၊ ဈာပနသို့လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်မိရပ်ဖများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကျင်စိန်(ခ) မတ်ကင်စန် (မင်းလှ)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊အမှတ် ၂၅၉၊ ခြောက်လွှာနေ ဒေါ်ကျင်ကျင်၏ခင်ပွန်း၊ မခင်သန်းဝင်း-ကိုကျော်ကျော်ဇင်၊ မောင်ရင်ဦး-မမြတ်မွန်၊ မခင်သန်းမြင့်-ကိုထွန်းဝင်း၊ ကိုခင်မောင်ကျော်-မသဇင်၊ မောင်ရင်ဌေး၊ မခင်သန်းစိန်-ကိုမောင်မောင်၊ မခင်သန်းအေး-မောင်စန်းရင်ကြွယ်၊ မခင်သန်းဌေး၊ မသက်သက်ထွေးတို့၏ဖခင်၊ မြေး၉ယောက်တို့၏အဘိုးသည်၇-၇-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ဗဟိုရ်စည်ဆေးခန်း၌ ကွယ်လွန်သွားပါဖြင့် ၉-၇-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးကန့်တုန့်တရုတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [အမှတ် ၁၈၊ရွှေလဝင်းလမ်း(စမ်းချောင်းဈေးဘေး)အိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်နုနုစိန် (ကမာရွတ်)

မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)
အသက်(၅၃)နှစ်

အမှတ် ၅၄၊ ရန်ကုန်-အင်းစိန်လမ်း၊ စံရိပ်ငြိမ်နေ (ဦးကျော်စိန်)-ဒေါ်စိုးရင်တို့၏သမီး၊ အမှတ် ၂၃၊ သံတံတားလမ်း၊ စမ်းချောင်းနေ (ဦးမောင်မောင်စိုး-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ဒေါက်တာတင်မောင်ဝင်း(ဌာနမှူး၊ စည်ပင်ကျန်းမာရေးဌာန) - ဒေါ်အေးအေးသန်းတို့၏ညီမ၊ ဦးလှအေး-ဒေါ်စန်းစန်းမော်၊ ဦးဇော်ထွန်းအောင် - ဒေါ်နွယ်နွယ်မြ၊ ဒေါ်စန်းစန်းတင်(မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း)တို့၏အစ်မ၊မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၂၁(A)၊ ဒေါ်လှပန်းလမ်းနေ ဦးခင်မောင်စိုး (Second Engineer, Monsoon Shipping Co.,)၏ဇနီး၊ မောင်စည်သူစိုး၊ မသီဂီစိုး (ဒုနှစ်၊ ရူပ၊ အဝေးသင်)တို့၏ မိခင်သည် ၅-၇-၂၀၀၄ရက် (တနင်္လာနေ့) ည ၁၁:၂၀ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ ၂၁(A)၊ ဒေါ်လှပန်းလမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး ဦးဖေသန်း

ဒု-စက်ရုံမှူး(ငြိမ်း)
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (စက်မှု-၁)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (မြောက်)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၃၄ နေ (ဦးတင်ထွန်း) - ဒေါ်သန်းမြိုင်တို့၏ သား၊ ဒေါ်ကေသီမြင့် (မြန်မာ့ကုန်တိုက်)၏ခင်ပွန်း၊ ဗိုလ်အောင်ကျော်ဇော (B.E, Metalogy)၊ မောင်နိုင်ဝင့်အောင်တို့၏ဖခင်သည် ၇-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၀၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မဖြူမျိုးမောင်

(ပထမနှစ်၊ သမိုင်း)
အငယ်တန်းစာရေး(လူမှုဖူလုံရေးအဖွဲ့)
ရုံးခွဲ(၅)အင်းစိန်
အသက်(၃၅)နှစ်

အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ မင်းဓမ္မလမ်း၊ စားသောက်ဆိုင်ဝင်း လူမှုဖူလုံရေးရုံး၊ အခန်း ၁ နေ ဦးမြသိန်းမောင်-ဒေါ်အေးကြိုင်တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ-ဒေါ်ခင်ကြည်တို့၏သမီးချွေးမ၊ ဒေါ်မြမြမူ(အမက-၁၀၊ မအူကုန်း)၊ မစု(တိုင်းဆောက်-၁၄၊ ဆောက်လုပ်ရေး)-ကိုမင်းမင်း၊ ဒေါ်မြင့်မြင့်ဝေ၏ညီမ၊မောင်ကျော်ကျော်၊မသက်နန္ဒာမောင်(MFTB)၊ မောင်သော်သော်တို့၏အစ်မ၊ ဦးဇော်ဝင်း(လမဖ)၏ဇနီး၊ မောင်ဇင်မျိုးနိုင်(အလက-၁၂၊ ဒုတိယတန်း- B)၏မိခင်သည် ၇-၇-၂၀၀၄ရက် ညနေ ၅:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမ ဒေါ်လှကြည် (သုံးခွ)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၃၇၈/၃၈၀ နေ (ဦးဘိုးရင်-ဒေါ်ငွေခင်)တို့၏သမီး၊ (ဦးသာရီ)၏ဇနီး၊ ဦးကျော်သိန်း၏အစ်မ၊ [ဦးလွင်ရီ(ခ) ဦးဆန်နီ]၊ ဦးတင်ထွန်း(E/O, P.I.L Co. Singapore)-ဒေါ်စိစိရီ(ခ) ဒေါ်ဘိုမတို့၏မိခင်၊ မခိုင်ဆုဝင်း(1st MB, IM II)၊ မသီရိအောင်(အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၆-၇-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၈:၂၀ နာရီတွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် (ကြာသပတေး နေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးချစ်မောင်(ခ)ဦးနီ

မန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း(ပြည်ပရောင်း)
စိန့်အဲလ်ဘတ် ကျောင်းသားဟောင်း(ပြင်ဦးလွင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးသန်းဖေ-ဒေါ်မြမေ)တို့၏သား၊ တောင်ငူမြို့နေ (ဦးစောအာထွေး)-ဒေါ်နော်ဖြူးတီတို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၃၄)ရပ်ကွက်၊ ယမနေ ၃ လမ်း၊ အမှတ် ၁၂၂ နေ ဒေါ်မြင့်မြင့်ခင်(Rose)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၁၉၅ နေ ဦးဝဏ္ဏမောင်(ခ)ဖိုးခွား(Cheung Hing & Company.,HKG) (Thai Sawat Imp-Exp Co., Ltd., BKK)-ဒေါ်ခင်ပပ၊ ဦးမျိုးဝင်း(ခေတ္တ၊BKK)-ဒေါ်အေးအေးမောင်(ခ)ဒေးဒေး၊ ဦးငွေဦးမောင်(ခ)သားငယ်(Gewin)တို့၏ဖခင်၊ မောင်စံမင်းမောင်(အထက-၁၊ ဒဂုံ)၊ မဟန်သီထက်(အမက-၁၄၊ မြောက်ဒဂုံ)၊ မောင်သက်ထူးမောင်တို့၏ အဘိုးသည် ၇-၇-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မြောက်ဒဂုံ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစံရွှေ (ငွမြို့)

ကျန်းမာရေးမှူး(ငြိမ်း)
အသက်(၇၉)နှစ်

ရခိုင်ပြည်နယ်၊ ငွမြို့နေ (ဦးကျော်လှဖြူ-ဒေါ်ခင်နု)တို့၏သားထွေး၊ (စောဆိုင်းမွန်း-နော်ဂျူးစီ)တို့၏သားသမက်၊ (ဒေါ်နော်စေးရာ)၏ခင်ပွန်း၊လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် ၈ လမ်း၊ အမှတ် ၄၁ နေ ဒေါ်လှလှရွှေ(သမဦးစီး၊ ကမာရွတ်)၊ ဦးဖုန်းမြင့်ရွှေ(ခတ်ခွဲမှူး၊ မြောက်ဦးဆေးရုံ) - ဒေါ်အုန်းကြည်၊ (ဦးဝင်းမြင့်ရွှေ၊ ကထိက၊ ပထဝီဝင်ဌာန)-ဒေါ်ဆွေဆွေသန်း(အလက-၄၊ လှိုင်)၊မကံနုတို့၏ဖခင်၊မအေးရာဖုန်းမြင့် (X-ထ-၁၊ မြောက်ဦး)၊ မောင်ဆက်အောင်(X-C၊ TTC)၊ မသဇင်စံ(VI-E၊ TTC)၊ မစုဝေဖုန်းမြင့်(V-ထ-၁၊ မြောက်ဦး)တို့၏ဘိုးဘိုးကြီးသည် ၇-၇-၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင်ထိန်ပင်သုသာန်၌မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကော်နီညို

အငြိမ်းစားကျောင်းဆရာမ
အထက(၄)မင်္ဂလာတောင်ညွန့်
(စိန့်အန်ထော်နီ)
အထက(၅)တာမွေ(စိန့်ဖရန်စစ်)
အသက်(၈၇)နှစ်

တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ပျားရည်ကုန်းလမ်း၊ အမှတ် ၃၉ နေ (ဦးခင်ညို၊ အယ်ဒီတာချုပ်၊ ဂါဒီယန်သတင်းစာ)၏ဇနီး၊ ဦးတင်ထွန်း-ဒေါ်နီ၊ ဦးဇော်ဝင်း-ဒေါ်ယဉ်ယဉ်ထွေး(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)၊ ဦးမောင်မောင်သန်း-ဒေါ်နုနုညိုတို့၏မိခင်၊ ဒေါက်တာမိုးနိုင်၊ မဇာဖြူသဲတို့၏အဘွားသည် ၆-၇-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့)ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှကြည်

(အငြိမ်းစားရဲမှူးကြီး)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်၊ မြကန်သာလမ်း၊ အမှတ် ၁၀၀ နေ (ဦးထွန်းလှ-ဒေါ်စောတင်)တို့၏သား၊ (ဦးစံဦး-ဒေါ်သိန်းမြ)တို့၏သားသမက်၊ ဒေါ်တင်ရီ(ခ)ဒေါ်နီနီ၏ခင်ပွန်း၊ ဦးဗမိုး-ဒေါ်မြင့်မြင့်ကြည်တို့၏အစ်ကို၊ဦးလှစိုး-ဒေါ်ခင်သီတာဦး၊ Dr.ကြည်ဦး-Dr.ခင်မာရှိန်၊ ဦးကြည်ထူး(Chief Officer., Monsoon Maritime)၊ Dr.ကြည်မာဦးတို့၏ဖခင်၊ မောင်ရှိန်လင်းဦး၊ မောင်ပြည့်ဟန်စိုး၊ မောင်မျိုးကျော်ဦးတို့၏အဘိုးသည် ၇-၇-၂၀၀၄ ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးလှိုင်မြင့် (လှည်းကူး)

အသက်(၇၀)

လှည်းကူးမြို့နေ (ဦးရွှေဝင်း-ဒေါ်မြရှင်)တို့၏သား၊ရန်ကုန်မြို့၊ တိုက် ၂၃၊ အမှတ် ဝဝ၄၊ ၇ လမ်း(B)၊ ယုဇနဥယျာဉ်နေ ဦးရဲထွင့်ဦး၊ ဒေါ်ဖြူဖြူခင်(အထက-၄၊ ကြည့်မြင်တိုင်)၊ ဦးသန်းထွင့်ဦး၊ ဦးစိုးမိုးကျော်၊ ဒေါ်သန်းသန်းဆင့်၊ ဦးစန်းဝင်း-ဒေါ်ဝင်းပပလှိုင်တို့၏ဖခင်၊ ဇော်မျိုးပိုင်၊ နှင်းအိလှိုင်၊ ကောင်းဇေယျာလှိုင်တို့၏အဘိုးသည် ၇-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း Mr. Dennis K Hall

အသက်(၇၅)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၅၇၊ အောင်သီရိလမ်း၊ (၂၈) ရပ်ကွက်နေ(Mr. PG Hall–E Hall)တို့၏သား၊ (Mr. JA Morris–Mrs. J Morris)တို့၏ သားသမက်၊ Miss Hazel Mangaser၏မောင်၊ Ursula Hall၏ ခင်ပွန်း၊ Mark Hall – Dimple၊ Wayne Hall၊ (Ricky) Dean Hall–Jacquline၊ Debra Tan – Robert၊ Keith Hall – မငယ်၊ Jeffery Hall–Christbale တို့၏ဖခင်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၇-၇-၂၀၀၄ ရက် နံနက် ၄ နာရီ၌ ဆာကူရာအထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (မြောက်ဒဂုံ နေအိမ်နှင့် သဃ်န်းကျွန်း စိန့်ဂျိုးဇက်ဘုရားကျောင်းရှေ့မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး ဦးချစ်မောင်(ခ)ဦးနီ

စိန့်အဲလ်ဘတ်ကျောင်းသားဟောင်း
(ပြင်ဦးလွင်)
အသက်(၆၉)နှစ်

ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၁၁၉၊ အခန်း ၉ နေ (ဦးသန်းဖေ-ဒေါ်မြမေ)တို့၏သား၊ (ဗိုလ်ကြီးဝင်းမောင်)-ဒေါ်လှလှနု၊ ဦးမောင်မောင်ထွေး-ဒေါ်သန်းစိန်၊ ဦးလှိုင်မြင့်-ဒေါ်မြင့်မြင့်၊ ဦးသောင်းစိန်-ဒေါ်တင့်တင့်၊ ဒေါ်ခင်ဆင့်(ပါမောက္ခ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမိုးညို (လ/ထညွှန်မှူး၊ ကကငွေ)-ဒေါ်ဌေးဌေးလွင်၊(ဦးသိန်းဟန်)-ဒေါ်ခင်စန်းဦး(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)၊ ဦးမျိုးထွန်း(Marina Shipping)-ဒေါ်ပြုံး၊ ဒေါ်ခင်သီ(အလပြ၊သာကေတ)၊ ဦးလှငွေ-ဒေါ်ဖြူဖြူဝင်း (ဦးစီးအရာရှိ၊ လယ်/ဆည်)တို့၏အစ်ကိုကြီး၊ ပြင်ဦးလွင်မြို့နေ ဦးလှရွှေ-ဒေါ်တင်ဦး(ကုန်သည်)၊ ဦးအေးမောင်-ဒေါ်ခင်ကြည်၊ (ဦးသောင်း)-ဒေါ်တင်အေး(ကုန်သည်)တို့၏ညီ/မောင်၊ တူ တူမ ၂၀ ယောက်တို့၏ဘကြီးသည် ၇-၇-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြောက်ဒဂုံနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု။

ရဟန်းဒါယကာကြီး ဦးမောင်စိန် (တိုက်ကြီးကုန်း)

အသက်(၉၀)

ပုသိမ်မြို့နယ်၊ တိုက်ကြီးကုန်းရွာနေ (ဦးထွေး - ဒေါ်ရွှေဗျိုင်း)တို့၏ သား၊ (ဦးချေး)၏ညီ၊ ဒေါ်အေးရှယ်(ဦးမောင်ချိန်)တို့၏အစ်ကို(ဦးမြတ်သွန်း)ဒေါ်သောလေး၊ ဒေါ်အုန်းမြင့်-ဦးကျန်သိန်း၊ ဦးမြင့်ကျော်-(ဒေါ်သန်းကြွယ်)၊ ဒေါ်မြင့်စိန်-(ဦးလှမြင့်)၊ ဒေါ်စန်း၊ ဦးလှသန်း(အကောက်ခွန်မှူး)-ဒေါ်နီနီတို့၏ဖခင်၊ မြေး၊ မြစ် ၃၀ ယောက်တို့၏ဘိုးဘိုးကြီးသည် ၄-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ပုသိမ်မြို့၊ (၁၀) ရပ်ကွက်၊ ညောင်ချောင်းပိုင်းလမ်း၊ အိမ်အမှတ် ၁၂၄ ဦးကျန်သိန်း-ဒေါ်အုန်းမြင့်တို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ပိတောက်ချောင်းသုသာန်၌ မီးသဂြိုဟ်ပြီး အရိုးဂူသွင်းမြှုပ်နှံပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၀၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ရေကန်၊လမ်း ဒါယိကာမကြီး ဒေါ်သိန်းစိန်(ခ) ဒေါ်ညို (ကွဲကူး)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ၊ ကံဘဲ့ဘုရားလေးကျောင်းဆရာတော် ဦးအဂ္ဂဉာဏအားအမှူးထား၍ ကွဲကူးကျေးရွာနေ (ဦးဖိုးရုံး-ဒေါ်လေး)တို့၏သမီး၊ (ဦးတလုတ်-ဒေါ်သော့)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊(က+ခ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊အမှတ် ၁၂ နေ ဦးထွန်းရှင်၏ဇနီး၊ ဦးထွန်းကြည်-ဒေါ်သန်းချို(အင်းစိန်ဈေး)၊(ဦးတင်ထွန်း)-ဒေါ်တင်နွဲ့ (ဦးဝကြီး ကုန်မျိုးစုံ)၊ ဦးစိန်မြင့်-ဒေါ်စန်းမြင့် (မောင်စိန်မြင့် ရွှေဆိုင်၊ အင်းစိန်ဈေး)၊ ဦးကံဝင်း-ဒေါ်အေးအေးကြည်တို့၏မိခင်၊မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၇-၇-၂၀၀၄ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစောချစ် (ရွှေညောင်)

အသက်(၇၈)နှစ်

(ဦးမောင်သော်-ဒေါ်အေးရှင်)တို့၏သား၊ ဒေါ်မိမိ၏ခင်ပွန်း၊ (ဦးစောဦး)၏ညီ၊ ဒေါ်တင့် (ဦးနီ)၊ ဦးလှထွန်းတို့၏အစ်ကို၊ ဦးထွန်းဇော်ဦး-ဒေါ်ချိုတူး၊ ဦးမောင်မောင်ကြီး၊ ဦးဘသက်အောင်-ဒေါ်စိုးစိုး၊ ဦးမင်းညွန့်-ဒေါ်မိုးမိုးတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၆-၇-၂၀၀၄ရက် မွန်းလွဲ ၁:၂၅ နာရီတွင် အမှတ် ၄၃၈၊ မြရတနာ ၂ လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်မြစိန် (ပိန်းဇလုပ်ရွာမ)

အသက်(၆၃)နှစ်

ညောင်လေးပင်၊ ပိန်းဇလုပ်ရွာမနေ (ဦးပန်းရွှေ-ဒေါ်ကောင်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ချာည်လမ်း၊ အမှတ် ၂၇/၁ နေ ဦးကြည်(သစ်ဆန်း အပ်ချုပ်ဆိုင်)၏ဇနီး၊ ဦးစိန်ဝင်း (ဘု/ရှိ၊ ပငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)၏ အစ်မ၊ Jamesလင်းထွန်း-မဝင်းစန္ဒာ၊ မောင်ကျော်စိုးဝင်း-မစန်းစန်းရီတို့၏ မိခင်၊ မောင်ကျော်သူရိန်ထွန်း၊မနှင်းရွှေရည်ဝင်း (အထက-၁၊ တ/ဉ)တို့၏အဘွားသည် ၇-၇-၂၀၀၄ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် စမ်းချောင်း အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ ဣန္ဒိမယ မဟာထေရ်

သာသနဓဇသိရီပဝရ ဓမ္မာစရိယ
ထားဝယ်ရဟန်းတော်များအသင်း၏ပညာရေးဥက္ကဋ္ဌ ဆရာတော်
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗားကရာလမ်း၊ ဥယျာဉ်တိုက်၊ ထားဝယ်ကျောင်း ပဓာနနာယက ဆရာတော်သည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၅ ရက် (၆-၇-၂၀၀၄ရက်) အင်္ဂါနေ့ ည ၈:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ ရက် (၁၀-၇-၂၀၀၄ရက်)စနေနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ အန္တိမစျာပနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအားအကြောင်းကြားအပ်ပါသည်။(ဥယျာဉ်တိုက် ထားဝယ်ကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်း၊လမ်း၊ဒါယိကာမကြီး ဒေါ်ကြီးညွန့်စိန်

အငြိမ်းစားကျောင်းအုပ်ဆရာမကြီး
ရခိုင်ရိုးကြီး၊အလယ်ရွာ၊သာယာကုန်း
အင်းစိန်အမက(၁၅)
အသက်(၈၂)နှစ်

ထန်းတပင်မြို့နယ်၊ရခိုင်ရိုးကြီးရွာနေ (ဦးဘပေါ-ဒေါ်မေ)တို့၏သမီး၊ ဦးစိန်လှအောင်-(ဒေါ်မြညို)၊ ဦးမြငြိမ်း-ဒေါ်တင်လှ၊ တွံတေးမြို့နယ်၊ မငေးအလယ်ရွာနေ ဒေါ်တင်မြင့်တို့၏အစ်မ၊ ကိုကျော်သန်းစိန်-မသန်းသန်းတို့၏အဒေါ်၊ ကိုအောင်မြင့်ခိုင်(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)-ဆရာမဒေါ်ခင်လှ(အထက-၃၊အင်းစိန်)၊ မစိန်မမတို့၏မိခင်၊ အင်းစိန်မြို့နယ်၊ (က+ခ)ရပ်ကွက်၊ က-၄ လမ်း၊ အမှတ် ၂၄၁ နေ ဆရာကြီးဦးသန်းစိန်၏ဇနီးသည် ၆-၇-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် က-၄ လမ်းနေအိမ်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး ဦးဖေသန်း

ဒု-စက်ရုံမှူး(ငြိမ်း)
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (စက်မှု-၁)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၄၀ နေ(ဦးတင်ထွန်း)-ဒေါ်သန်းမြိုင်တို့၏သားကြီး၊ ဒေါ်ကေသီမြင့်(မြန်မာ့ကုန်တိုက်)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ရီ(MEPE၊ ငြိမ်း)၊ ဦးကံစိန်-ဒေါ်ညွန့်ရီ(အထက-၁၊ စမ်းချောင်း၊ ငြိမ်း)တို့၏မောင်၊ ဦးကျော်ထွန်း-ဒေါ်လှလှတင် (စီးပွား/ကူးသန်း ဝန်ကြီးဌာန)၊ ဦးသိန်းဟန်-ဒေါ်မြင့်မြင့်ကြည်၊ ဦးရဲမင်းထွန်း (စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်တင်တင်မြင့်(လူမှုဖူလုံရေးရုံးချုပ်)၊ ဦးဖေမောင်-ဒေါ်နွဲ့၊ ဦးမောင်မောင်အေး-ဒေါ်ခင်သန်းရည်၊ ဒေါ်တင်တင်တိုး(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးသန်းနိုင်-ဒေါ်အေးအေးထွေး(Cipla)တို့၏အစ်ကိုကြီးသည် ၇-၇-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၀၄ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၃၄၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်း နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှသိန်း(ခ)ဒေါ်လှလှသိုက် (ကျောက်ပန်းတောင်း)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်နေ ဦးလှသောင်း(သစ်လုပ်ငန်း၊ ငြိမ်း) - ဒေါ်တင်အောင်၊ ကျောက်ပန်းတောင်း၊ မြို့တောင်မြို့ရပ်နေ ဦးချစ်တင်(ကျောင်းအုပ်၊ ငြိမ်း)-ဒေါ်တင်အေးတို့၏တူမ၊ ကျောက်ပန်းတောင်းမြို့နေ (ဦးသန်းတင်-ဒေါ်ခင်တင့်)တို့၏သမီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ လိုင်း(၁၇)၊ က/၆ နေ ဦးထွန်းသိန်း (ဌာနခွဲမှူး၊ စီမံခန့်ခွဲရေး၊ M.E.P.E၊ ရုံးချုပ်)၏ဇနီး၊ မောင်လင်းလင်းကျော် - မသန္တာထွန်းသိန်း (M.E.P.E၊ ဘဏ္ဍာရေးရုံးချုပ်)၊ မမီမီထွန်းသိန်း(M2 Engg Chem၊ ရန်ကုန်တက္ကသိုလ်)၊ မဇာဇာထွန်းတို့၏မိခင်၊ မအေးမြင့်တင်(M.E.P.E၊ ဘဏ္ဍာရေးရုံးချုပ်)၊ မောင်အောင်မျိုးသန့်(အထက-၄၊ အလုံ)တို့၏အဒေါ်သည် ၆-၇-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးဘငွေ (မြင်းခြံ)

(မဟာသဒ္ဓမ္မဇောတိကဓဇ
မဟာအာဘိဓမ္မိကဝိသိဋ္ဌ
ကလျာဏဉာဏဓဇ)
ဥက္ကဋ္ဌ နိကာယ်ငါးရပ်ဝင်
ဓမ္မသာကစ္ဆာအဖွဲ့ချုပ်
အသက်(၈၇)နှစ်

ရွှေတိဂုံစေတီတော် (စနေထောင့်)၊ ရွှေတောင် ငွေတောင် တန်ဆောင်း နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ ရာသက်ပန်ဥက္ကဋ္ဌ ဦးဘငွေသည် ၆-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ရာ အဖွဲ့သူ အဖွဲ့သားများ လိုက်ပါပို့ဆောင်ကြပါရန်။ (ခြံအမှတ် ၁၊ ဘူတာရုံလမ်း၊ ဘောက်ထော်ဈေးရှေ့မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး ဦးတက်တိုး(ခ)အနီ

အရာခံဗိုလ်(ငြိမ်း)
(စား/ဖျော်)မန်နေဂျာ(ငြိမ်း)
အသက်(၇၈)နှစ်

သထုံမြို့နေ (ဦးရွှေငါး-ဒေါ်ကြင်မိန်)တို့၏သား၊ (ဦးထွန်းလှ-ဒေါ်စိန်မေ)၊ (ဦးငွေစိုး)-ဒေါ်သောင်းစိန်၊ ဦးကျော်စိန်-(ဒေါ်ကျင်ဥ)တို့၏မောင်/ညီ၊ အမှတ် ၂၃၊ ဗိုလ်ဉာဏလမ်း၊ ကိုးမိုင်(A-1)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သန်းရီ(ခ)ဒေါ်ခင်နွဲ့နွဲ့၏ ခင်ပွန်း၊ ဦးတိုးချစ်(ခ)ကိုခင်စိုး - ဒေါ်နီနီဝင်း (ဆင်မြီးဆွဲမြို့)၊ (ဦးတင်အောင်)-ဒေါ်တိုးတိုးခင်၊ ဦးတိုးမြိုင်-ဒေါ်သန္တာစိုး၊ (ဦးတိုးလင်း)၊ ဦးတိုးမင်း-ဒေါ်ခင်ရီ၊ (ဦးတိုးလှိုင်)-ဒေါ်ရီရီစံ၊ ဦးမေအောင်-ဒေါ်ခင်ခင်တိုး၊ ဦးရဲမြင့်-ဒေါ်အေးအေးတိုးတို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၆-၇-၂၀၀၄ရက် ည ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြသိန်း (မုဒုံမြို့)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်းမကြီး၊အမှတ်၁၂၀(A-2) နေ ဦးညီ-ဒေါ်တိမ်တို့၏သား၊ (ဒေါ်မေရှင်)၊ ဒေါ်သန်းမေ (ကထိက၊ ဌာနမှူး၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်-၂)တို့၏မောင်၊ဒေါ်ခင်ရှိန်၊မောင်ထွန်းသိန်း၊ မောင်စိုးသိန်းတို့၏အစ်ကိုသည် ၆-၇-၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက်၁၁:၁၅ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်စူး (စော်ဘွားကြီး)

အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ လသာမြို့နယ် (ဦးကာဟိုး-ဒေါ်နီ)တို့၏သား၊ ဦးခင်မောင်ကြူး-ဒေါ်ခင်မေဝင်းတို့၏ညီ၊ ဦးစိုးလွင်-ဒေါ်ခင်ခင်ရမ်း၊ ဒေါ်ခင်ယုဝေ၊ ဒေါ်ခင်နှင်းယု၊ (ကိုခင်မောင်ကြည်)-ဒေါ်မိုးမိုးကြည်တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ သီရိမင်္ဂလာဥယျာဉ်၊ တိုက် စီ-၉၊ အခန်း ၂၀၂၊သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၃၆၉ နေ ဦးခင်မောင်စူးသည် ၆-၇-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြစဉ်။

(ထပဆ)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံဖြစ်သည့် ရပ်ရွာအေးချမ်းသာယာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်

ရှေ့ဖုံးမှ

ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက မြစ်ကြီးနားလေဆိပ်တွင် ကြိုဆိုကြသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ လိုက်ပါလျက် လေကြောင်းခရီးဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့သို့ မွန်းလွဲ ၁ နာရီခွဲတွင်ရောက်ရှိကြရာ ပူတာအိုတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်စိုး၊ ***စာမျက်နှာ ၇ ကော်လံ ၁*** ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းဖတ်ကြားတင်ပြ

လက်တွဲဝန်းရံ အမျိုးသားညီလာခံ



ရန်ကုန် ဇူလိုင် ၇

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ဆွေးနွေးအကြံပြုချက်စာတမ်းကို အဆိုပါ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ■

ဇူလိုင် ၅ ရက်က မိတ္ထီလာမြို့ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ **(သတင်း–ရှေ့ဖုံး)**

(သတင်းစဉ်)